ဦးကျော်ဧယျ

# အမှုသည်များလက်စွဲ

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး — **ဒို့အရေး**
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — **ဒို့အရေး**
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — **ဒို့အရေး**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာအုပ်စာတမ်းစာနယ်ဇင်း
ကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၁၀၅၅/ ၂၀၀၃(၁၀)
မျက်နှာဖုံးကြိုတင်ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်
၉၉၀/ ၂၀၀၃(၁၁)
မျက်နှာဖုံးဒီဇိုင်း – ရွှေလက်လှ
ပုံနှိပ်ခြင်း – ပထမအကြိမ်
အုပ်ရေ – ၅၀၀
ပုံနှိပ်ပြီးသည့်လ – ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး – ၁၂၀၀ ကျပ်
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း ၉၀၊ ကန်တော်ကလေး
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ထုတ်ဝေသူ – ဦးကျော်ဇေယျ
စကားပြောနေသူများစာပေ (၀၃၈၄)
အမှတ် ၁၂၄၊ အခန်း ၁၀၊
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။

# ဦးကျော်ဇေယျ

# အမှုသည်များလက်စွဲ

# မာတိကာ

အပိုင်း(၁)ပြစ်မှုပိုင်း


| | | |
|---|---|---|
| အခန်း ၁။ | အသက်တစ်ရာမနေရ၊ အမှုတစ်ရာကြုံရာဝယ် | ၁ |
| အခန်း ၂။ | တရားလိုပြုလုပ်တရားစွဲဆိုခြင်း | ၅ |
| | – အမှုဖွင့်ရမည့်နေရာဒေသ | ၆ |
| | – ရဲစခန်းတွင်အမှုဖွင့်ခြင်း | ၆ |
| | – တရားရုံးမှဆင့်ခေါ်ခြင်း | ၈ |
| | – တရားလိုအတွက်အကျိုးဆောင်ပေးမည့်ဥပဒေအရာရှိ | ၉ |
| | – ဦးတိုက်လျှောက်ထားတရားစွဲဆိုခြင်း | ၉ |
| အခန်း ၃။ | တရားခံအဖြစ်အရေးမှုခံရခြင်း | ၁၃ |
| | – တရားခံအာမခံလျှောက်ထားခြင်း | ၁၄ |
| | – အာမခံနောက်ဆက်တွဲဇယား(၁) | ၂၁ |
| | – ဝရမ်းဖမ်းဆီးခွင့်။ နောက်ဆက်တွဲဇယား(၂) | ၂၉ |
| အခန်း(၄)။ | အမှုအတွက်ရှေ့နေ | ၃၇ |
| | – ရှေ့နေရှေ့ရပ် လိုအပ်မလိုအပ် | ၃၇ |
| | – ရှေ့နေလောက | ၃၈ |
| | – ပညာရှင်ရှေ့နေ | ၃၈ |
| | – ပွဲစားရှေ့နေ | ၃၉ |
| | – သီးသီးခြားခြားရှေ့နေ | ၄၀ |
| | – ရှေ့နေအရွေးမမှားသင့် | ၄၀ |
| | – တရားလိုဘက်ရှေ့နေငှားရမ်းခြင်း | ၄၀ |
| | – တရားခံဘက်ရှေ့နေငှားရမ်းခြင်း | ၄၀ |
| အခန်း ၅။ | အမှုစစ်ဆေးခြင်း | ၄၃ |
| | – တရားလိုကိုစစ်ခြင်း | ၄၃ |
| | – တရားခံဘက်ပြန်လှန်မေးမြန်းခြင်း | ၄၄ |
| | – ပြန်ရှင်းစစ်မေးခြင်း | ၄၄ |
| | – တရားလိုသက်သေအား စစ်ဆေးခြင်း | ၄၄ |
| | – တရားလိုသက်သေအား ခေါ်ယူခြင်း | ၄၇ |

– တရားခံအားတရားရုံးက စွဲချက်တင်ခြင်း၊ မတင်ခြင်း ၄၈
– အပြစ်ရှိ မရှိ ၄၈
– ပြန်ခေါ်သက်သေစစ်မေးရန် ဆန္ဒရှိ မရှိ ၄၉
– တရားခံပြသက်သေ ၄၉
– ပြန်ခေါ်သက်သေစစ်မေးခြင်း ၅၀
– တရားခံအား စစ်ဆေးခြင်း ၅၀
– သက်သေအဖြစ် အစစ်ခံခြင်း ၅၁
– တရားခံအဖြစ် အစစ်ခံခြင်း ၅၁
– တရားခံပြ သက်သေအဖြစ် အစစ်ခံခြင်း ၅၁
– အပြီးသတ်လျှောက်လဲချက်တင်သွင်းခြင်း ၅၂
အခန်း ၆။ စွဲချက်နှင့်စပ်လျဉ်း၍ ပြင်ဆင်မှုတင်သွင်းခြင်း ၅၃
အခန်း ၇။ အမှုမှ သက်သေခံပစ္စည်းလျှောက်ထားခြင်း ၅၉
အခန်း ၈။ သက်သေပြရန်တာဝန်နှင့် သံသယအကျိုး ၆၃
– သက်သေပြရန်တာဝန် ၆၃
– သံသယအကျိုး ၆၄
အခန်း ၉။ အပြီးသတ်ချမှတ်သောအမိန့်ကို
အယူခံ ပြင်ဆင်မှုတင်သွင်းခြင်း ၆၇
– တရားသေလွှတ်သည်ကို အယူခံခြင်း ၆၉
အခန်း ၁၀။ စောင့်ထိန်းလိုက်နာရမည့်အချက်များ ၇၅
– ရုံးချိန်းလာရောက်ခြင်း ၇၅
– မထေမဲ့မြင်မပြုသင့် ၇၆
– လာဘ်ပေးလာဘ်ယူရှောင်ကြဉ် ၇၇
– ရှောင်ကြဉ်ရမည့်ဥပဒေပါအချက်များ ၇၉
အခန်း ၁၁။ သက်သေခံဥပဒေ၏သဘော ၈၉

## အပိုင်း (၂)

အခန်း ၁၂။ ဆိုလွှာဖြင့် တရားစွဲဆိုခြင်း ၉၃
– ချေပလွှာ ၉၈
– အမှုစစ်ဆေးခြင်း ၁၀၀

## အပိုင်း ၁ ပြစ်မှုပိုင်း

## အခန်း(၁) အသက်တစ်ရာမနေရ၊ အမှုတစ်ရာကြုံရာဝယ်

အမှုအခင်း မဖြစ်အောင်နေက အကောင်းဆုံးဖြစ်သည်။ အကယ်၍ အမှုအခင်းဖြစ်ကြပြီ ဆိုလျှင်လည်း နိုင်ငံတော်အတွက် တိုက်ရိုက် ထိခိုက်နစ်နာသည့် ပြစ်မှုမျိုးဆိုက ရာဇဝတ်ဘေး လွတ်ခဲပေသည်။

ဤသို့ဆိုသဖြင့် အမှုသည်များ စိတ်ပျက်ဖွယ်မဟုတ်ဟု ဆိုရပေမည်။ အဖြစ်မှန်ပင်ဖြစ်လင့်ကစား လိုအပ်သော လုပ်ထုံးလုပ်နည်းများ ချို့ယွင်းပျက်ကွက်မှုရှိက တရားခံကို လွှတ်ရသည့်သာဓကများ ရှိနေသောကြောင့်ဖြစ်သည်။ ထို့ပြင် တရားခံအဖို့ အမှုမှ သက်သာရာသက်သာကြောင်းများ တင်ပြတောင်းခံနိုင်ခွင့် အခွင့်အရေးများ ရှိနေသောကြောင့်ဖြစ်သည်။

ရုံးပြင်ကန္တားဟူသည် မစည်ကားအပ်သော နေရာတစ်နေရာ ဖြစ်သည်။ သို့ပါသော်လည်း အကြောင်းကြောင်းသော အကြောင်းတို့ကြောင့် ရုံးပြင်ကန္တားသို့ ရောက်ရတတ်ပေရာ ထိုသို့ရောက်ကြရသည့်ကာလတွင် အကောင်းဆုံးအနေအထားဖြစ်အောင် ဆောင်ရွက်ခြင်းသည် လိုအပ်ချက် တစ်ရပ်ဟု ဆိုရပေမည်။

လူပုဂ္ဂိုလ်အချင်းချင်း ဖြစ်ပွားသည့်ပုဂ္ဂိုလ်ရေးဆိုင်ရာ အမှုများနှင့် စပ်လျဉ်း၍ ရင်မဆိုင်မီ တရားလို တရားခံနှစ်ဦးနှစ်ဖက်စလုံး အောက်ပါ အချက်များကို သတိပြုသင့်သည်။

(က) အမှုအခင်းဖြစ်က အမှုအတွက် အချိန်ပေးကြရလိမ့်မည်။
(ခ) မိမိလုပ်ကိုင်မြဲလုပ်ငန်းများထဲမှ အမှုအတွက် အချိန်များ ဖဲ့ပေးရလိမ့်မည်။
(ဂ) ထိုသို့အချိန်များ ဖဲ့ပေးရသည့်အတွက် မိမိလုပ်ကိုင်မြဲလုပ်ငန်းတွင် အနည်းနှင့်အများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်သည်။
(ဃ) အမှုအခင်းကိစ္စအတွက် ငွေကုန်ကြေးကျ ရှိလာနိုင်သည်။
(င) အမှုအခင်းအတွက် စိတ်သောကဖြစ်မှုများ ကြုံကြရပေမည်။

တရားလိုဘက်မှ ချင့်ချိန်ရမည့်အချက်မှာ
(က) အမှုကိုမစွဲဆို၍ မဖြစ်ပြီလော။
(ခ) မလွှဲမရှောင်သာ၍ စွဲရသည့်တိုင် အမှုစွဲသည်နှင့် အကျိုးရလာဒ် မျှမမျှဆိုသည်ကို ကြည့်သင့်သည်။

တရားခံဖြစ်မည့်သူဘက်ကလည်း (အဖြစ်မှန်ဖြစ်သည်ဆိုပါက)-
(က) တရားလိုစိတ်ကျေနပ်မှုရအောင် မိမိဘက်က အတတ်နိုင်ဆုံး ဆောင်ရွက်ပေးခဲ့ပြီးပြီလော ဆန်းစစ်သင့်သည်။

ဖော်ပြပါ အချက်များကို အပြန်အလှန်စဉ်းစားချင့်ချိန်ပြီးသကာလ တရားလိုဘက်ကလည်း လိုက်လျောနိုင်က သည်းခံလိုက်လျောရန်နှင့် တရားခံဘက်ကလည်း ဆောင်ရွက်ပေးနိုင်သမျှ ပံ့ပိုးဆောင်ရွက်ပေးရန် လိုသည်။ မတတ်သာသည့်အဆုံးတွင်မှ တရားခွင်ဘက်သို့ တက်ရောက်ကြသင့်သည်။

တရားခွင်တွင် အမှုကို ရင်ဆိုင်နေသည့်တိုင် တရားခံဘက်မှ ယင်းအချက်ကို လုံးပမ်းသင့်သည်။

တရားခံ၏ သိတတ်မှုနှင့် တရားလို၏ စာနာမှုနှစ်ရပ်အချိုးညီသည့် အခြေအနေသို့ ရောက်သည့်အခါတွင် တရားလိုသည် မိမိစွဲဆိုသည့် အမှုကို ကြေအေးရပ်သိမ်းရန် ဝန်လေးတော့မည်မဟုတ်ဟု ဆိုရပေမည်။

ကြေအေးနိုင်သောအမှု၊ မကြေအေးနိုင်သောအမှု၊ ရုပ်သိမ်းနိုင်သောအမှု၊ မရုပ်သိမ်းနိုင်သောအမှု ဟူ၍ရှိရာ၊ ကြေးအေးနိုင်သောအမှုအမျိုးအစားတွင် အချင်းချင်း ကြေအေးနိုင်သောအမှုနှင့် တရားရုံး၏ ခွင့်ပြုချက်အရ ကြေအေးနိုင်သော အမှုဟူ၍ ကွဲပြားသောအမှုများရှိသည်။

ပထမအမျိုးအစားမှာ တရားရုံး၏ ခွင့်ပြုချက်ရယူရန်မလိုအပ်ဘဲ အမှုသည်များ ကြေအေးလျှင် အမှုပြီးပြတ်၏။

အမှုသည်တစ်ဦးသည် (၁၈)နှစ် မပြည့်သေးလျှင်၊ ဝမ်းတွင်းရူးဖြစ်လျှင်၊ စိတ်ပေါ့သွပ်သူဖြစ်လျှင် ၎င်းတို့ကိုယ်စား အုပ်ထိန်းသူက ကြေအေးခွင့်ရှိသည်။ အောက်ရုံးမှ အပြစ်ပေးပြီး အယူခံတွင် မပြီးမပြတ်သေးသည့်အမှုဖြစ်လျှင် တရားရုံး၏ ခွင့်ပြုချက်ရမှသာလျှင် ကြေအေးခွင့်ရှိသည်။

အမှုတစ်မှုကြေအေးလျှင် တရားခံကို ယင်းအမှုနှင့်ပတ်သက်၍ တရားသေလွှတ်သကဲ့သို့ မှတ်ယူရသည်။

ကြေအေးခွင့်မရှိသော ပြစ်မှုများကို ကြေအေးလိုလျှင် တရားရုံးတွင် ရုပ်သိမ်းခွင့်လျှောက်ရသည်။ အမှုကြေအေးခြင်းနှင့် ရုပ်သိမ်းခြင်း မတူပေ။

စွဲဆိုသောအမှု၏ ပြစ်ဒဏ်သည် (၆)လအထိသာ အပြစ်ပေးနိုင်သော ပြစ်မှုဖြစ်ပြီး လျှောက်ထားသူက တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုသော အမှုဖြစ်ပါက ရုပ်သိမ်းနိုင်သည်။ **(ကျင့်ထုံးပုဒ်မ-၂၄၈)**

သို့သော် ရဲတပ်ဖွဲ့မှ စွဲဆိုသောအမှုမျိုးဖြစ်က ရုပ်သိမ်းခွင့်မပြုနိုင်ပေ။

အကယ်၍ ထောင်(၆)လအထက် အပြစ်ပေးနိုင်သော အမှုများကို (ပြစ်မှုကျင့်ထုံးပုဒ်မ-၄၉၄) ရုပ်သိမ်းလိုပါက မြို့နယ်ဥပဒေရုံးနှင့် အခြားသက်ဆိုင်ရာရုံးသို့တင်ပြ၍ ယင်းတို့၏ မှတ်ချက်အရ တရားရုံးက ရုပ်သိမ်းခွင့်ပြုမပြု အမိန့်ချမှတ်နိုင်သည်။

တရားရုံးက ရုပ်သိမ်းခွင့်မပြုဟု အမိန့်ချမှတ်သော် ယင်းအမိန့်ကို မကျေနပ်က အဆင့်မြင့်တရားရုံးသို့ ပြင်ဆင်မှု လျှောက်ထားနိုင်သည်။

# အခန်း(၂) တရားလိုပြုလုပ် တရားစွဲဆိုခြင်း

**အမှုဖွင့်ခြင်း**

ပြစ်မှုကြောင်းအရ နစ်နာသူသည် အမှုဖွင့်တိုင်ကြားရန်အတွက် နည်းလမ်းနှစ်သွယ်ရှိ၏။ တစ်နည်းမှာ သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်တိုင်ကြားရန်ဖြစ်ပြီး အခြားနည်းမှာ သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုရန်ဖြစ်သည်။

ပြစ်မှုတွင် ရဲအရေးပိုင်သောအမှုနှင့် ရဲအရေးမပိုင်သောအမှုဟူ၍ ရှိရာ ရဲအရေးပိုင်သောအမှုအမျိုးအစားဖြစ်က ရဲစခန်းတွင် အမှုဖွင့်ရာ၏။ ရဲအရေးမပိုင်သော အမှုအမျိုးအစားဖြစ်က တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုရာ၏။ ရဲအရေးမပိုင်သောအမှုအမျိုးအစားပင် ဖြစ်လင့်ကစား ရဲစခန်းတွင် သွားရောက်တိုင်ကြားသော် တရားရုံးသို့ တရားစွဲဆိုတင်ပို့နိုင်ရန် စခန်းက အကူအညီပေးသည်။ (ရဲအရေးပိုင်သော အမှုနှင့် ရဲအရေးမပိုင်သောအမှု ခွဲခြားပြထားသည့် ဇယားကို နောက်ဘက်တွင် နောက်ဆက်တွဲ ဇယားအမှတ်(၂) အဖြစ် ဖော်ပြထားသည်။)

| ရဲစခန်း | တရားရုံး |
| --- | --- |
| ရဲအရေးပိုင်သောအမှုများအတွက် တိုင်ကြားအမှုဖွင့်ရာနေရာ | ရဲအရေးမပိုင်သောအမှုများအတွက် တိုင်ကြားအမှုဖွင့်ရာနေရာ |

**အမှုဖွင့်ရမည့်နေရာဒေသ**

အမှုကို မိမိနေထိုင်ရာဒေသရှိ ရဲစခန်း သို့မဟုတ် မြို့နယ်တရားရုံးတွင် အမှုဖွင့်ရမည်ဟု မဆိုလိုပေ။

အမှုအခင်းဖြစ်ပွားရာနေရာဒေသဆိုင်ရာ ရဲစခန်း သို့မဟုတ် မြို့နယ်တရားရုံးတွင်သာ အမှုဖွင့်ရမည်ဖြစ်သည်။

ရိုက်မှု၊ ခိုးမှု၊ ဆဲမှု၊ လုယက်မှု စသည်ဖြင့် ကျူးလွန်ရာတွင် ရိုက်မှု၊ ခိုးမှု၊ ဆဲမှု၊ လုယက်မှုဖြစ်ပွားရာဒေသဆိုင်ရာ ရဲစခန်း သို့မဟုတ် မြို့နယ်တရားရုံးတို့တွင် အမှုဖွင့်နိုင်သည်။

ရာဇဝတ်မကင်းသော အလွဲသုံးစားမှု၊ သို့မဟုတ် ယုံကြည်အပ်နှံခြင်း ဖောက်ဖျက်မှုဖြစ်သော်-

(၁) ပြစ်မှုကျူးလွန်ရာဒေသ

(၂) ပစ္စည်းကို လက်ခံရာဒေသ

(၃) သိမ်းဆည်းယူထားရာဒေသတစ်ရပ်ရပ်တွင် တရားစွဲဆိုနိုင်သည်။ **(ကျင့်ထုံးပုဒ်မ-၁၈၁)**

**ရဲစခန်းတွင် အမှုဖွင့်ခြင်း**

ရဲစခန်းတွင် တိုင်ချက်ဖွင့်မည်ဆိုက စာဖြင့်ရေးသားတိုင်တန်း၍လည်းရသည်။ နှုတ်ဖြင့် ပြောဆိုတိုင်တန်း၍လည်း ရသည်။ တိုင်ချက်ပေါ်တွင် အကြောင်းအရာကို အသေးစိတ် ရေးမှတ်ရန်မလို။

**(မောင်မြဟန်ပါ ၂ နှင့် ပထမ၊ ၁၉၆၆၊ ၈၀)**
**(မောင်အောင်ထွေးနှင့် ပထစ၊ တရားရုံးချုပ်၊ ၆၉၄)**

တိုင်ချက်တွင် ဖော်ပြသင့်သည့်စကားရပ်များကို မဖော်ပြခဲ့သော် တိုင်ချက်မခိုင်လုံဟု ဆိုရပေမည်။

**(၁၉၆၀၊ မြန်မာနိုင်ငံစီရင်ထုံး ၊ ၂၀)**

တိုင်ချက်ကို ကိုယ်တိုင်သိမှ တိုင်နိုင်သည်မဟုတ်၊ တစ်ဆင့်ကြားစကားဖြင့်လည်း တိုင်နိုင်သည်။

**(ရွှေဖရူးနှင့် ဘုရင်၊ ၁၉၄၁၊ ရန်ကုန်၊ ၃၄၆)**

တိုင်ချက်ဖွင့်စဉ်အခါက တရားခံအမည်ကို ထုတ်ဖော်မပြောဆိုရုံမျှဖြင့် သတင်းပေးသူ၏ သက်သေခံချက်သည် တရားမဝင်မဟုတ်ဟု မယူဆနိုင်ပေ။

**(မောင်အောင်ထွေးနှင့် ပထစ၊ ၁၉၆၅၊တရားရုံးချုပ်၊ ၆၉၄)**

တိုင်ချက်ဖွင့်လှစ်ရေးသားရာတွင် တိုင်သူသည် ဖြစ်ပွားပုံအပြည့်အစုံထည့်သွင်းရန် မလိုပေ။ အဓိကအချက်ကိုသာ ဖော်ပြရန်လိုသည်။ ရုံးတွင် ထွက်ဆိုသည့်အခါတွင်မှ အချက်အလက်အပြည့်အစုံကို မေးခွန်းပေါ်မူတည်၍ ဖြေကြားထွက်ဆိုရမည်ဖြစ်သည်။

**(မောင်စိန်ထွန်းပါ ၂ နှင့် ပထစ၊ ၁၉၆၅၊ တရားရုံးချုပ်၊ ၁၁၅)**

ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်လိုက်သည်နှင့် အမှုစတင်ပေါ်ပေါက်သည်။ အဆိုပါ တိုင်ချက်ကို ပထမသတင်းပေး တိုင်တန်းချက်ဟု ခေါ်သည်။

ပထမသတင်းပေး တိုင်တန်းချက်တွင် အောက်ပါ အင်္ဂါရပ်များ ပါဝင်သည်။

၁။ အမှုအခင်းတစ်ရပ် ဖြစ်ပွားကျူးလွန်ခြင်းဖြစ်ပြီး ရဲအရေးပိုင်သော အမှုဖြစ်ရမည်။

၂။ ပထမဦးဆုံး တိကျသည့် တိုင်ကြားချက်ဖြစ်ရမည်။

၃။ ရဲစခန်းမှူး (သို့မဟုတ်) တာဝန်ရှိသူတစ်ဦးဦးထံ တိုင်ကြားခြင်းဖြစ်ရမည်။

၄။ သတင်းပေးချက်ကို လက်ခံရယူပြီးနောက် သတင်းပေးသူကို ဖတ်ပြရမည်။ မှန်ကန်ကြောင်း လက်မှတ် ရေးထိုးစေရမည်။

**စခန်းမှ စုံစမ်းစစ်ဆေးမှုပြုခြင်း**

တိုင်ချက်ရေးဖွင့်ပြီးနောက် အမှုစစ်ရဲအရာရှိက မိမိအား လိုအပ်သော စစ်ဆေးမေးမြန်းမှုများ ပြုလုပ်သည်။

တိုင်ချက်နှင့်ပတ်သက်သည့် အမှုအကြောင်းအရာများ၊ အထောက်အထားများ၊ သိရှိသူသက်သေများအကြောင်း မေးမည်။

အမှုအနေအထားအလိုက် ဒဏ်ရာအနာတရ ရသောအမှု၊ မုဒိန်းမှု စသည်တို့ဖြစ်ပါက ဆေးရုံသို့ စေလွှတ်ပေမည်။ လိုအပ်သော စစ်ဆေးမှု၊ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေမည်။

အမှုသဘာဝအရ လိုအပ်ပါက သက်သေများနှင့်အတူ အခင်းဖြစ်ရာနေရာသို့ သွားရောက်ခြင်း၊ ပစ္စည်းတန်းစီဆွဲပြခြင်း၊ လူတန်းစီဆွဲပြခြင်းများ ပြုလုပ်ပေမည်။

အမှုစစ်ရဲအရာရှိမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် အချက်အလက်အထောက်အထားများ ပြည့်စုံသောအခါ တရားရုံးသို့ အမှုကို တင်ပို့သည်။ တရားရုံးမှ အမှုစစ်မည့်နေ့ရက်မတိုင်မှ တရားလိုထံ ဆင့်စာချအပ်သည်။ ဆင့်စာရရှိက ရုံးသို့သွားရောက် အစစ်ဆေးခံရမည်။

**တရားရုံးမှဆင့်ခေါ်ခြင်း**

အမှုတွဲတရားရုံးသို့ရောက်ရှိပြီးနောက်တွင် တရားရုံးမှ အမှုစစ်ဆေးမည့်နေ့ရက်မတိုင်မီ တရားလိုထံ ဆင့်စာချအပ်သည်။ ဆင့်စာရရှိက ဆင့်စာတွင် ဖော်ပြပါရှိသည့် နေ့ရက်နှင့်အချိန်တွင် ရုံးသို့သွားရောက်အစစ်အဆေးခံရသည်။ တရားရုံးတွင် အစစ်ဆေးခံရန် သွားရောက်သည့်အခါ အမှုတွင် သက်သေခံအဖြစ် တင်သွင်းမည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများ အားလုံးကို ယူဆောင်သွားဖို့လိုသည်။

တရားရုံးမှ ဆင့်ခေါ်စာရရှိက မပျက်မကွက် သွားရောက်ရန်လိုသည်။ ရဲအရေးပိုင်သောအမှုဖြစ်၍ စခန်းမှ စွဲတင်သော အမှုများတွင် တရားရုံးမှဆင့်ခေါ်စာ သုံးကြိမ်ဆင့်ခေါ်သည့်တိုင် ဆင့်စာအတည်ပြု

လျက် သွားရောက်ရန်ပျက်ကွက်သော် တရားရုံး၏အမိန့်ဖြင့် ဝရမ်းချ အပ်နိုင်သည်။ တရားလိုပင်ဖြစ်သော်လည်း ဝရမ်းချအပ်ခြင်းခံရကာ တရားရုံးရှေ့မှောက်သို့ ရောက်ရပေမည်။

## တရားလိုအတွက် အကျိုးဆောင်ပေးမည့် ဥပဒေအရာရှိ

ရဲအရေးပိုင်သောအမှုများနှင့်စပ်လျဉ်း၍ တရားလိုဖက်မှ လိုက်ပါ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှ ဥပဒေအရာရှိများကို ခန့်အပ်ထားသည်။ မြို့နယ်တိုင်းတွင် မြို့နယ်ဥပဒေရုံးများရှိသည်။ အဆိုပါ မြို့နယ်ဥပဒေရုံး မှ ဥပဒေအရာရှိများက ယင်းမြို့နယ်ရှိ ရဲအရေးပိုင်သောအမှုများနှင့်စပ် လျဉ်း၍ တရားစွဲတင်ပို့နိုင်ရန် ကြီးကြပ်ဆောင်ရွက်ပေးသည်။ အမှုစစ် ဆေးသောအခါ တရားလိုဖက်မှ လိုက်ပါဆောင်ရွက်သည်။

ထို့ပြင် တရားလိုအနေဖြင့် ပြင်ပမှ မိမိစိတ်ကြိုက်ရှေ့နေများ ငှားရမ်းလိုက ငှားရမ်းပိုင်ခွင့် အခွင့်အရေးလည်း ရှိသည်။

## ဦးတိုက်လျှောက်ထားတရားစွဲဆိုခြင်း

ရဲအရေးမပိုင်သောအမှုများကို တရားစွဲဆိုမည်ဆိုက သက်ဆိုင်ရာ တရားရုံးတွင် နစ်နာသူက ဦးတိုက်လျှောက်ထား တရားစွဲဆိုရသည်။

(ရဲအရေးပိုင်သောအမှုပင်ဖြစ်လင့်ကစား ရဲစခန်းတွင် အမှုသွား ရောက်ဖွင့်ခြင်း မပြုဘဲ တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆို နိုင်သည့် အခွင့်အရေးကို ပိတ်ပင်ထားခြင်း မရှိသည်ကိုလည်း တွေ့ရ သည်။)

ဦးတိုက်လျှောက်ထား တရားစွဲဆိုရာတွင် ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၁၉၈၊ ၁၉၉၊ ၁၉၉(က) တွင် ပြဆိုထားသည့်အမှုများမှတစ်ပါး မည်သူမဆို တရားလိုပြုလုပ် တရားစွဲဆိုနိုင်သည်။

ပြစ်မှုကျင့်ထုံးပုဒ်မ ၁၉၈ တွင် ပြဋ္ဌာန်းထားသည်မှာ ရာဇသတ်ကြီး အခန်း ၁၉ (သို့မဟုတ်) ၂၁ ပါ ပြစ်မှု (သို့မဟုတ်) ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၄၉၃ မှ ၄၉၆ ထိပါရှိသော ပြစ်မှုတစ်စုံတစ်ရာကို အရေးယူမည်

ဆိုက နစ်နာထိခိုက်သူကိုယ်တိုင်ကသာ တရားလိုပြုလုပ်ရမည် ဆိုပေသည်။

ခြွင်းချက်မှာ ထိခိုက်နစ်နာသူသည် အသက်(၁၈)နှစ်အောက်ဖြစ်လျှင် (သို့မဟုတ်) ထိုင်း အ,နေလျှင် (သို့မဟုတ်) စိတ်မနှံ့ဖြစ်နေလျှင် (သို့မဟုတ်) ရောဂါစွဲကပ်နေလျှင် (သို့မဟုတ်) မကျန်းမမာဖြစ်နေလျှင် တိုင်လျှောက်ခြင်းမပြုနိုင်သဖြင့် နစ်နာသူကိုယ်စား အခြားသူတစ်ဦးဦးက ရုံးကို ခွင့်ပြုချက်တောင်းကာ ရုံး၏ခွင့်ပြုချက်အရ စွဲခွင့်ရှိပေသည်။

တစ်ဖန် ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၁၉၉ တွင် ပြဋ္ဌာန်းထားသည်မှာ ရာဇသတ်ပုဒ်မ ၄၉၇ (သို့မဟုတ်) ၄၉၈ အမှုကို တရားစွဲဆိုလျှင် နစ်နာသူကိုယ်တိုင် တရားစွဲဆိုရမည်ဟု ဆိုသည်။ အဆိုပါပုဒ်မများမှာ လင်သဘောမတူဘဲ မယားကို ခိုးယူပေါင်းသင်းသည့်အမှုမျိုးဖြစ်သည်။

အကယ်၍ လင်ယောက်ျားမရှိခိုက် (တစ်နယ်တစ်ကျေးခရီးသွားခိုက်) ကျူးလွန်သည်ဖြစ်သော် နစ်နာသူ လင်ယောက်ျားကိုယ်စား အုပ်ထိန်းစောင့်ရှောက်သူတစ်ဦးဦးက ရုံး၏ ခွင့်ပြုချက်တောင်းယူကာ ရုံးခွင့်ပြုချက်ဖြင့် တရားစွဲနိုင်ပေသည်။

ဦးတိုက်လျှောက်ထား တရားစွဲဆိုသည့် လျှောက်လွှာတွင် တရားရုံး အမည်၊ တရားလိုအမည်၊ နေရပ်လိပ်စာအပြည့်အစုံတို့ ပါရှိရန် လိုသည်။ တရားခံ၏အမည်နှင့် လိပ်စာလည်း ပါရှိရန်လိုသည်။

ဦးတိုက်လျှောက်လွှာသည် ဦးတိုက်တရားစွဲသည့်တိုင် လျှောက်လွှာဖြစ်သောကြောင့် မိမိတိုင်ကြားလိုသည့် အချက်များကို ရှင်းလင်းစွာ ဖော်ပြရန် လိုသည်။

လျှောက်လွှာတွင် တရားခံအား ဥပဒေအရ အရေးယူပေးပါရန် ဟူသော အချက်ပါရှိရန်လို၏။ သိသာရန် အကြောင်းကြားတင်ပြအပ်ပါသည် ဟူသော အသုံးအနှုန်းများ မသုံးသင့်ပေ။

ဦးတိုက်လျှောက်လွှာတွင် ရုံးခွန်တော်အက်ဥပေဒဇယား ၂၊ အပိုဒ် (၁) အပိုဒ်ခွဲ(ခ)အရ ရုံးခွန်တံဆိပ်ခေါင်း ၅/-တန် ကပ်ခေါင်း ကပ်ပေး

ရမည်။ လျှောက်လွှာ၏ လျှောက်ထားသူနေရာတွင် တရားလို လက်မှတ်ရေးထိုးရမည်။

ရှေ့နေငှားရမ်းလိုက ငှားရမ်းဆောင်ရွက်နိုင်သည်။

ဦးတိုက်လျှောက်လွှာ နမူနာပုံစံတစ်ခုကို အောက်တွင် ဖော်ပြထားသည်။

**နမူနာပုံစံ(၁)**

**-------------------------- မြို့နယ်တရားရုံး**

**၁၉၉၂ ခုနှစ်၊ ပြစ်မှုကြီးမှု အမှတ် --------**

**ဦးဘ**

နေရပ်လိပ်စာအပြည့်အစုံ ---------------- တရားလို

နှင့်

**ဒေါ်မြ**

နေရပ်လိပ်စာအပြည့်အစုံ ---------------- တရားခံ

**ရွှေဆွဲကြိုးလိမ်လည်ရယူသွားသည့်အတွက် ဥပဒေအရ အရေးယူပေးပါရန် လျှောက်ထားခြင်း**

အထက်ပါတရားလိုက ရုံးတော်သို့ ဦးတိုက် လျှောက်ထားအပ်ပါသည်။

၁။ တရားလိုနှင့် တရားခံသည် အိမ်နီးချင်းများဖြစ်ကြပြီး လွန်ခဲ့သော (၃)နှစ်ခန့်ကစ၍ ခင်မင်သိကျွမ်းခဲ့ပါသည်။

၂။ (၅၊ ၇၊ ၉၂) ရက်နေ့က တရားခံသည် တရားလို နေထိုင်ရာ အထက်ပါနေအိမ်သို့ ရောက်ရှိလာပြီး အလှူအိမ်သို့သွားရောက်ရာတွင် ဝတ်ဆင်နိုင်ရန်အတွက် ရွှေဆွဲကြိုးငှားရမ်းပါသည်။

၃။ (၆၊ ၇၊ ၉၂) နေ့တွင် ဒေါ်လှအိမ်၌ ပြုလုပ်မည့် အလှူသို့ သွားရောက်ရန်ဖြစ်ပြီး ၎င်းနေ့ညဘက်တွင် ပစ္စည်းကို ပြန်ပေးပါမည်ဟု ပြောဆိုသွားခဲ့ပါသည်။ ၎င်း၏ ပြောဆိုမှုကြောင့် တရားလိုမှ ယုံကြည်ကာ တစ်ကျပ်သားရှိ ရွှေဆွဲကြိုးကို သက်သေ ဦးချစ်ဝ ရှေ့တွင် ပေးအပ်လိုက်ပါသည်။

၄။ ပစ္စည်းငှားရမ်းသွားပြီးနောက် နောက်ရက် ညနေပိုင်းတွင်လည်း လာရောက်ပေးအပ်ခြင်းမရှိ၊ တစ်လပြည့်သည်အထိ လူချင်း အတွေ့မခံဘဲ ရှောင်ပုန်းနေခဲ့ပါသည်။

၅။ တရားလိုသည် တရားခံအပေါ် မသင်္ကာ၍ တရားခံ အမှန်တကယ် အလှူအိမ်သို့သွား မသွား စုံစမ်းကြည့်ရာ တရားခံပြောဆိုသည့်အတိုင်း အလှူအိမ်သို့ သွားရောက်ခြင်းလည်းမရှိ၊ အလှူလည်း မရှိကြောင်း သိရပါသည်။

၆။ ထို့ကြောင့် မရိုးမဖြောင့်သော သဘောဖြင့် လိမ်လည်ပြောဆိုကာ တရားလို၏ ရွှေဆွဲကြိုးကို မတရား ရယူသွားပါသောကြောင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြား လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

တရားလို

၁၉၉၂ ခုနှစ်၊ အောက်တိုဘာ ( )
ရန်ကုန်မြို့။

# အခန်း(၃) တရားခံအဖြစ် အရေးယူမှုခံရခြင်း

သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ရဲတပ်ဖွဲ့စခန်းများမှတစ်ဆင့် အရေးယူခံရသည်များ ရှိသကဲ့သို့ တစ်ဦးတစ်ယောက်က ဦးတိုက်လျှောက်ထား တရားစွဲဆိုသဖြင့် တရားရုံးမှ သမ္မာန်စာချအပ်ခံရကာ အရေးယူခံရသည်များလည်း ရှိပေသည်။

ရဲတပ်ဖွဲ့စခန်းမှ အရေးယူထားသော အမှုအမျိုးအစားသည် အာမခံရနိုင်သော အမှုအမျိုးအစားဖြစ်သော် စခန်းက အာမခံ ခံဝန်ပေးလေ့ရှိသည်။ အာမခံ မရနိုင်သော အမှုအမျိုးအစားဖြစ်လျှင် ချုပ်နှောင်ပေမည်။

ရဲတပ်ဖွဲ့စခန်းအနေဖြင့် တရားခံတစ်ဦးအား ၂၄ နာရီ ချုပ်နှောင်ခွင့်ရှိသည်။ သို့သော် ယင်းထက်ပိုမို၍ ချုပ်နှောင်ပိုင်ခွင့်မရှိပေ။ အကယ်၍ (၂၄)နာရီထက် ကျော်လွန်၍ချုပ်နှောင်မည်ဆိုလျှင် သက်ဆိုင်ရာ တရားသူကြီးထံတွင် ချုပ်မိန့်ရမန် တောင်းခံရသည်။

တရားခံတရားစွဲဆိုခြင်း ခံထားရသည့်ပြစ်မှုသည် ထောင်ဒဏ်(၇)နှစ်ထက်မနည်း အပြစ်ပေးနိုင်သောအမှုဖြစ်လျှင် ရက်ပေါင်း(၃၀)အထိ ရမန်ယူချုပ်နိုင်သည်။ ထောင်ဒဏ်(၇)နှစ်ထက်နည်း၍ အပြစ်ပေးနိုင်သော အမှုဖြစ်လျှင် (၁၅)ရက်အထိ ရမန်ယူချုပ်နိုင်သည်။

**(ပြစ်မှုကျင့်ထုံးပုဒ်မ-၁၆၇)**

ထိုသို့ ချုပ်နှောင်ထားသောကာလကို ရမန်ကာလဟု ခေါ်တတ်ကြသည်။ ယင်းရမန်ကာလအတွင်း အမှုစစ်ရဲအရာရှိသည် တရားရုံးသို့ အချိန်မီ အမှုစွဲတင်နိုင်ရန် ဆောင်ရွက်သည်။ ထိုကာလကို အမှုစုံစမ်းစစ်ဆေးမှုကာလဟုလည်း ခေါ်သည်။

ရမန်ကာလ (သို့မဟုတ်) အမှုစုံစမ်းစစ်ဆေးမှုကာလအတွင်း တရားခံအနေဖြင့် အာမခံ မရနိုင်သည့် ပြစ်မှုပင်ဖြစ်လင့်ကစား အာမခံလျှောက်လိုက လျှောက်နိုင်၏။ ချုပ်ရမန်ပေးထားသော တရားသူကြီးရုံးတွင် အာမခံလျှောက်ထားရမည်ဖြစ်သည်။ သို့သော် သာမန်အကြောင်းပြချက်မျှဖြင့် အာမခံလျှောက်ထားရန် မသင့်ဟု ဆိုရပေမည်။

ချုပ်ရမန် ရက်စေ့သောအခါ စခန်းမှ တရားရုံးသို့ အမှုစွဲတင်ပေးပို့သည်။ အမှုနှင့်အတူ တရားခံကိုပါ တစ်ပါတည်း တရားရုံးသို့ပို့အပ်သည်။ တရားခံက တရားရုံးရှေ့ရောက်ပြီး အမှုကို စတင်ကြားနာရန်သာ ရှိပေတော့သည်။

### တရားခံ အာမခံလျှောက်ထားခြင်း

သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းမှ အမှုစွဲသဖြင့် တရားရုံးသို့ တရားခံအဖြစ် ရောက်ရှိသည်ဖြစ်စေ၊ တစ်ဦးတစ်ယောက်က ဦးတိုက် လျှောက်ထား တရားစွဲဆိုသဖြင့် တရားရုံးမှ သမ္မာန်စာချအပ်ခြင်းခံရသောကြောင့် တရားရုံးသို့ တရားခံအဖြစ် ရောက်ရှိသည်ဖြစ်စေ၊ ရောက်ရှိလာသော တရားခံများအနေဖြင့် အချုပ်လွတ်ထုချေခွင့်ပြုရန် အာမခံလျှောက်ထားပိုင်ခွင့်ရှိသည်။

ဦးတိုက်လျှောက်ထားသောအမှုများသည် ရဲအရေးမပိုင်သော အမှုလည်းဖြစ်၊ အာမခံပေးနိုင်သော အမှုများလည်း ဖြစ်တတ်ကြသည်က များပေရာ၊ ဦးတိုက်လျှောက်ထားခံရသော တရားခံအနေဖြင့် သာမန် အနေအထားတွင် အာမခံကိစ္စ အခက်အခဲရှိလှမည် မဟုတ်ပေ။

ရဲအချုပ်ဖြင့် တရားစွဲ တင်ပို့ခြင်းခံရသော တရားခံများအဖို့မူ အာမခံ လျှောက်ခွင့် အခွင့်အရေးရှိသော်လည်း အမှုအနေအထားအရ အာမခံ ရနိုင် မရနိုင် မိမိဘာသာ ချင့်ချိန်တတ်ရန်လိုသည်။

မိမိအမှုအနေအထားအရ အာမခံ မရနိုင်သေးပါပဲလျက် အာမခံ လျှောက်ထားမှုကိစ္စကို အလေသုံးဆယ် မဆောင်ရွက်သင့်။

အာမခံပေးခြင်း မပေးခြင်းမှာ တရားရုံး၏ တာဝန်၊ အာမခံ လျှောက်ရမည့်တာဝန်မှာ တရားခံ၏ တာဝန်ဟု မှတ်ယူသူများလည်း ရှိပေသည်။ ထပ်သာထပ်စေ မလပ်စေနှင့်ဟု ခံယူကာ ဇွဲကောင်းကောင်း ဖြင့် အာမခံ လျှောက်ထားကြသည်များလည်း ရှိသည်။

အာမခံပေးနိုင်သည့်အမှု၊ အာမခံမပေးနိုင်သည့်အမှုနှင့် စပ်လျဉ်း ၍ ခွဲခြားဖော်ပြထားသော ဇယားကို နောက်ဘက်တွင် နောက်ဆက်တွဲ (၁)အဖြစ် ပြထားသည်။

အာမခံမပေးနိုင်သည့်အမှုပင်ဖြစ်လင့်ကစား တရားခံသည်

၁။ အသက် ၁၆ နှစ်အောက်ဖြစ်သူ

၂။ အမျိုးသမီး

၃။ ရောဂါစွဲကပ်သူ

၄။ မသန်စွမ်းသူဖြစ်လျှင် အာမခံနှင့် လွှတ်ရန်ဆင့်ဆိုနိုင်ခွင့် အာဏာ တရားရုံးတွင်ရှိသည်။ **(ပြစ်မှုကျင့်ထုံးပုဒ်မ-၄၉၇)**

အောက်ပါတို့မှာ အာမခံလျှောက်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ လမ်းညွှန်တည်ရှိနေသည့် စီရင်ထုံးများဖြစ်သည်။

သာမန်အားဖြင့်ဆိုလျှင် အစွပ်စွဲခံရသူတစ်ဦးအား အမှုကို ရုံးသို့ တင်၍ စစ်ဆေးခြင်းမပြုသေးမီ သို့မဟုတ် အမှုကို စစ်ဆေးနေစဉ်အတွင်း ၌ ကြာမြင့်စွာ ချုပ်နှောင်ထားအပ်သည် မဟုတ်ပေ။ ထိုသို့ ချုပ်နှောင်ခြင်း

ဖြင့် ၎င်းအပေါ်တွင် ပြစ်မှုထင်ရှား မတွေ့ရှိသေးဘဲ ကြိုတင်၍ ပြစ်ဒဏ် ပေးခြင်းမျိုး မဖြစ်အပ်ပေ။

**(မောင်ကျော်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၅၊ ရုံးချုပ်၊ ၆၆၆)**

အာမခံပေးခြင်းသည် အစဉ်အလာဖြစ်၍ ငြင်းပယ်ခြင်းမှာ ခြွင်း ချက်ဖြစ်သည်။ တရားခံတစ်ဦး အပြစ်ရှိကြောင်း သက်သေထင်ရှား မပြ သေးသရွေ့ ၎င်းသည် အပြစ်ကင်းသည်ဟု ဥပဒေအရ ယူဆသင့်သည့် အလျောက် အာမခံပေးလျှင် ၎င်းသည် တရားလိုပြသက်သေများအား သြဇာလွှမ်းမိုးတန်ရာကြောင်း သို့မဟုတ် ခြိမ်းခြောက်တန်ရာကြောင်း သို့မဟုတ် ထွက်ပြေးတန်ရာကြောင်း မပေါ်ပေါက်ပါက အမှုအတော အတွင်း အာမခံဖြင့် လွှတ်ထားသင့်သည်။

**(၁၉၆၀၊ မြန်မာနိုင်ငံစီရင်ထုံး ၊ ၁၉၂ (လွှတ်တော်) )**

ထောင်ဒဏ် တစ်သက်နှင့် သေဒဏ်ပေးနိုင်သောအမှုများမှအပ အာမခံမပေးနိုင်သော အမှုများတွင် တရားရုံးများက အာမခံပေးနိုင်ခွင့် ကို ပုဒ်မ ၄၉၇ က ကန့်သတ်ထားခြင်းမရှိ၊ ဗဟိုတရားရုံးသည် မည်သည့် အမှုတွင်မဆို အာမခံပေးရာ၌ ကိုယ်ပိုင်ဆင်ခြင်ခွင့်အာဏာ အပြည့်အဝ ရှိသည်။ သို့ရာတွင် ယင်းဆင်ခြင်ခွင့်ကို တရားဥပဒေနှင့်အညီ ကျင့်သုံး ရမည်။ အာမခံပေးသည့်ပြဿနာများကို ဦးစွာစဉ်းစားဆင်ခြင်ရန် မူလ ရုံးများအား လုပ်ပိုင်ခွင့်ပေးသည့်အပြင် ထောင်ဒဏ်တစ်သက်နှင့် သေဒဏ်ပေးနိုင်သော အမှုနှစ်မျိုးမှအပ ကျန်အမှုအားလုံးတွင် မူလရုံး သည် အကန့်အသတ်မရှိ အာမခံပေးခွင့်ရှိသည့် အလျောက် အထူးခိုင် လုံသောအကြောင်းရှိသည့် အမှုများမှတစ်ပါး ယင်းအမှုမျိုးတွင် (ထောင် ဒဏ်တစ်သက်နှင့် သေဒဏ်ပေးနိုင်သောအမှု) အာမခံမပေးသင့်။

မူလရုံးသည် အာမခံကိစ္စကို ဆန်းစစ်ရာ၌ စွပ်စွဲသောပြစ်မှု သဘော၊ တရားခံအပေါ်တင်ပြသည့် သက်သေခံချက်၏ အခြေအနေနှင့် တရားခံအား ပြစ်မှုထင်ရှားစီရင်ခဲ့သော် ချမှတ်တန်ရာသော ပြစ်ဒဏ် တို့ကို ထည့်သွင်း စဉ်းစားသင့်သည်။ တရားခံကို လွှတ်လိုက်လျှင် သက်သေများကို သင်ကြားပေးနိုင်သည်ဟူသော မထင်မရှား စွပ်စွဲချက်

မျိုးကို လက်ခံရန် မသင့်သော်လည်း တရားခံအား လွှတ်လိုက်ပါက သက်သေများအား ကြောက်လန့်စေသူမျိုးဖြစ်နေလျှင်ဖြစ်စေ၊ တရားခံသည် မိမိလွတ်လပ်မှုကို အသုံးပြု၍ သက်သေများကို မှုသားထွက်ဆိုအောင် ပြုလိမ့်မည်ဟု ယုံကြည်ရန် လျော်ကန်သောအကြောင်းများရှိလျှင် ဖြစ်စေ မူလရုံးသည် အာမခံပေးရန် ငြင်းဆိုနိုင်သည်။

**(ရန်ကုန်အတွဲ ၅၊ စာ ၂၇၆ စုံညီ)**

အာမခံတင်သွင်းလျှောက်ထားသည့်အခါ အာမခံလျှောက်ထားမှုပုံစံနှင့်အတူ အာမခံသူနှစ်ဦး၏ လိုအပ်သော အထောက်အထားများ ပါရှိရမည်။ ထို့ပြင် အာမခံလျှောက်ထားရခြင်းနှင့်စပ်လျဉ်း၍ အကြောင်းစုံဖော်ပြပါရှိသည့် သီးခြားလျှောက်လွှာကိုပါ ပူးတွဲတင်ပြလျှောက်ထားနိုင်သည်။

အာမခံလျှောက်ထားမှုပုံစံ၌ ရုံးခွန်တော်ကပ်တံဆိပ်ခေါင်း ၅/- ထမ်းဆောင်ရန်လိုအပ်သည်။ သီးခြားလျှောက်လွှာကိုပါ ပူးတွဲတင်ပြလျှောက်ထားနိုင်သည်။

အာမခံလျှောက်ထားမှုပုံစံ၌ ရုံးခွန်တော်ကပ်တံဆိပ်ခေါင်း ၅/- ထမ်းဆောင်ရန် လိုအပ်သည်။ သီးခြားလျှောက်လွှာကိုပါ ပူးတွဲတင်သွင်းမည်ဆိုပါက ထိုသီးခြားလျှောက်လွှာ၌လည်း ရုံးခွန်တော်ကပ်တံဆိပ်ခေါင်း ၅/- ထမ်းဆောင်ရသည်။ သီးခြားလျှောက်လွှာကို တရားခံကိုယ်တိုင်သော် လည်းကောင်း၊ ပြင်ပရှိ မိသားစုဝင်တစ်ဦးကသော်လည်းကောင်း လျှောက်ထားနိုင်သည်။

တရားခံဘက်က အမှုကာလအတွင်း အချုပ်လွတ်ထုချေခွင့်ရရေးအတွက် အာမခံလျှောက်ထားနိုင်ခွင့် အခွင့်အရေးရှိသကဲ့သို့၊ တရားလိုဘက်ကလည်း တရားခံအား အာမခံမပေးသင့်ကြောင်း လျှောက်ထားနိုင်ခွင့် အခွင့်အရေးသည်ရှိပေသည်။ မူလရုံးက အာမခံလျှောက်ထားသည်ကိုပယ်သော် အထက်ရုံးအဆင့်ဆင့်သို့ တက်ရောက်၍ အာမခံရရှိရေးအတွက် ကြိုးပမ်းခွင့်ရှိပေသည်။

အောက်တွင် အာမခံလျှောက်ထားမှု ပုံစံနမူနာတစ်ရပ်နှင့် သီးခြား လျှောက်လွှာနမူနာတစ်ရပ်ကို ဖော်ပြထားသည်။

**နမူနာပုံစံ (၂)**

----------------- ရာဇဝတ်တရားသူကြီး

၁၉-----ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် -----

ကိုလှ ------------------------- တရားလို

နှင့်

ဒေါ်လှ ------------------------- တရားခံ

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် -------------- အရ စွဲဆိုမှု**

**ခံဝန်ချုပ်ပြုလုပ်သူများ**

၁။ အမည်-------------------- အလုပ်အကိုင်----------------
   မှတ်ပုံတင်------------------ နေရပ်------------------------

၂။ အမည်-------------------- အလုပ်အကိုင်----------------
   မှတ်ပုံတင်------------------ နေရပ်------------------------
   ရှိသေစွာ လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူတို့သည် လူကြီးလူကောင်းများဖြစ်၍ ပစ္စည်းများကိုလည်း ဤရုံးတော်စီရင်ပိုင်ခွင့်အာဏာအတွင်း၌ ပိုင်ကြပါသည်။

၂။ လျှောက်ထားသူတို့သည် အထက်အမှု၌ တရားခံအတွက် အာမခံပေးရန်လိုသည့်အတွက် ဤရုံးတော်က သင့်လျော်သော ဝန်ခံချုပ် ပြုလုပ်ပါသည်။

၃။ သို့ပါ၍ အပေါင်အနှံမရှိ လွတ်ကင်းသောအာမခံဝန်ဖြင့် အထက်အမည်ပါ တရားခံကို အမှုစစ်ဆေးနေစဉ်အတွင်း အာမခံဖြင့် လွှတ်ပေးပါရန် လေးစားစွာ လျှောက်ထားအပ်ပါသည်။

(၁)-----------------------

(၂)-----------------------

နေ့စွဲ၊ ၁၉-----ခုနှစ်၊ -------------------------လ၊ (    )ရက်။

**နမူနာပုံစံ (၃)**

----------------- ရာဇဝတ်တရားသူကြီး

၁၉-----ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် -----

ကိုလှ ------------------------- တရားလို

နှင့်

ဒေါ်လှ ------------------------- တရားခံ

**တရားခံဒေါ်လှအတွက် အချုပ်လွတ်ထုချေခွင့်ပြုပါရန် အာမခံလျှောက်ထားခြင်း**

၁။ အထက်ပါအမှုတွင် တရားခံသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ အရ တရားစွဲဆိုခြင်းခံနေရပါသည်။

၂။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ သည် အာမခံပေးနိုင်သော အမှုဖြစ်ကြောင်း သိရှိရပါသည်။

၃။ သို့သော် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၄၉၇)တွင် တစ်သက်တစ်ကျွန်းဒဏ်၊ သေဒဏ်ထိုက်သောအမှုပင် ဖြစ်လင့်ကစား အမျိုးသမီးဖြစ်က အာမခံပေးနိုင်ခွင့်အာဏာ ရုံးတော်၌ ရှိသည်ဟု သိရှိရပါသည်။

၄။ တရားခံသည် အသက်(၄၀)ကျော်ပြီဖြစ်သော အမျိုးသမီးတစ်ဦး ဖြစ်သည့်အပြင် မီးယပ်ရောဂါရှိသူတစ်ဦးလည်း ဖြစ်ပါသည်။ အခင်း မဖြစ်ပွားမီ မီးယပ်ရောဂါဖြစ်သဖြင့် ဆရာဝန်ဖြင့် ဆေးဝါး ကုသမှုခံခဲ့ရဖူးပါသည်။ အထောက်အထားများကို ပူးတွဲတင်ပြပါ သည်။

သို့ပါ၍ အမှုကာလအတွင်း အာမခံဖြင့် အချုပ်လွတ် ထုချေခွင့် ပြုပါရန် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

ဦးခ
(ဒေါ်လှ၏ခင်ပွန်းသည်)

ရက်စွဲ--------------------။

## နောက်ဆက်တွဲ ဇယား(၁)

| ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ | ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ |
|---|---|---|---|
| ၁၀၉ | ကျူးလွန်သော | ၁၂၄ (ခ) | အာမခံ မရ |
| | ပြစ်မှုပေါ်မူတည်၍ | ၁၂၅ | အာမခံ မရ |
| | အာမခံပေးခွင့် | ၁၂၆ | အာမခံ မရ |
| | ရ/မရ တည်သည်။ | ၁၂၇ | အာမခံ မရ |
| ၁၁၀ | ။ | ၁၂၈ | အာမခံ မရ |
| ၁၁၁ | ။ | ၁၂၉ | အာမခံ မရ |
| ၁၁၃ | ။ | ၁၃၀ | အာမခံ မရ |
| ၁၁၄ | ။ | ၁၃၀ (က) | အာမခံ ရ |
| ၁၁၅ | အာမခံ မရ | ၁၃၀ (ခ) | အာမခံ ရ |
| ၁၁၆ | ကျူးလွန်သော | ၁၃၁ | အာမခံ မရ |
| | ပြစ်မှုပေါ်မူတည်၍ | ၁၃၂ | အာမခံ မရ |
| | အာမခံပေးခွင့် | ၁၃၃ | အာမခံ မရ |
| | ရ/မရ တည်သည်။ | ၁၃၄ | အာမခံ မရ |
| ၁၁၇ | ။ | ၁၃၅ | အာမခံ ရ |
| ၁၁၈ | အာမခံ မရ | ၁၃၆ | အာမခံ ရ |
| ၁၁၉ | ကျူးလွန်သော | ၁၃၇ | အာမခံ ရ |
| | ပြစ်မှုပေါ်မူတည်၍ | ၁၃၈ | အာမခံ ရ |
| | အာမခံပေးခွင့် | ၁၄၀ | အာမခံ ရ |
| | ရ/မရ တည်သည်။ | ၁၄၃ | အာမခံ ရ |
| ၁၂၀ | ။ | ၁၄၄ | အာမခံ ရ |
| ၁၂၀ (ခ) | ။ | ၁၄၅ | အာမခံ ရ |
| ၁၂၁ | အာမခံ မရ | ၁၄၇ | အာမခံ ရ |
| ၁၂၁ (က) | အာမခံ မရ | ၁၄၈ | အာမခံ ရ |
| ၁၂၂ | အာမခံ မရ | ၁၄၉ | ကျူးလွန်သော |
| ၁၂၃ | အာမခံ မရ | | ပြစ်မှုပေါ်မူတည်၍ |
| ၁၂၄ | အာမခံ မရ | | အာမခံပေးခွင့် |
| ၁၂၄ (က) | အာမခံ မရ | | ရ/မရ တည်သည်။ |

| ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ | ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ |
|---|---|---|---|
| ၁၅၀ | ။ | ၁၇၃ | အာမခံ ရ |
| ၁၅၁ | အာမခံ ရ | ၁၇၄ | အာမခံ ရ |
| ၁၅၂ | အာမခံ ရ | ၁၇၅ | အာမခံ ရ |
| ၁၅၃ | အာမခံ ရ | ၁၇၆ | အာမခံ ရ |
| ၁၅၄ (က) | အာမခံ မရ | ၁၇၇ | အာမခံ ရ |
| ၁၅၄ | အာမခံ ရ | ၁၇၈ | အာမခံ ရ |
| ၁၅၅ | အာမခံ ရ | ၁၇၉ | အာမခံ ရ |
| ၁၅၆ | အာမခံ ရ | ၁၈၀ | အာမခံ ရ |
| ၁၅၇ | အာမခံ ရ | ၁၈၁ | အာမခံ ရ |
| ၁၅၈ | အာမခံ ရ | ၁၈၂ | အာမခံ ရ |
| ၁၆၀ | အာမခံ ရ | ၁၈၃ | အာမခံ ရ |
| ၁၆၁ | အာမခံ ရ | ၁၈၄ | အာမခံ ရ |
| ၁၆၂ | အာမခံ ရ | ၁၈၅ | အာမခံ ရ |
| ၁၆၃ | အာမခံ ရ | ၁၈၆ | အာမခံ ရ |
| ၁၆၄ | အာမခံ ရ | ၁၈၇ | အာမခံ ရ |
| ၁၆၅ | အာမခံ ရ | ၁၈၈ | အာမခံ ရ |
| ၁၆၆ | အာမခံ ရ | ၁၈၉ | အာမခံ ရ |
| ၁၆၇ | အာမခံ ရ | ၁၉၀ | အာမခံ ရ |
| ၁၆၈ | အာမခံ ရ | ၁၉၃ | အာမခံ ရ |
| ၁၆၉ | အာမခံ ရ | ၁၉၄ | အာမခံ ရ |
| ၁၇၀ | အာမခံ ရ | ၁၉၅ | အာမခံ ရ |
| ၁၇၁ (င) | အာမခံ ရ | ၁၉၆ | ကျူးလွန်သော |
| ၁၇၁ (စ) | အာမခံ ရ | | ပြစ်မှုပေါ်မူတည်၍ |
| ၁၇၁ (ဆ) | အာမခံ ရ | | အာမခံပေးခွင့် |
| ၁၇၁ (ဇ) | အာမခံ ရ | | ရ/မရ တည်သည်။ |
| ၁၇၁ (ဉ) | အာမခံ ရ | ၁၉၇ | အာမခံ ရ |
| ၁၇၂ | အာမခံ ရ | ၁၉၈ | အာမခံ ရ |

| ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ | ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ |
|---|---|---|---|
| ၁၉၉ | အာမခံ ရ | ၂၂၅ | အာမခံ ရ |
| ၂၀၀ | အာမခံ ရ | ၂၂၅ (က) | အာမခံ ရ |
| ၂၀၁ | အာမခံ ရ | ၂၂၅ (ခ) | အာမခံ ရ |
| ၂၀၁ | အာမခံ ရ | ၂၂၆ | အာမခံ မရ |
| ၂၀၃ | အာမခံ ရ | ၂၂၇ | အာမခံ မရ |
| ၂၀၄ | အာမခံ ရ | ၂၂၈ | အာမခံ ရ |
| ၂၀၅ | အာမခံ ရ | ၂၂၉ | အာမခံ ရ |
| ၂၀၆ | အာမခံ ရ | ၂၃၀ | အာမခံ မရ |
| ၂၀၇ | အာမခံ ရ | ၂၃၂ | အာမခံ မရ |
| ၂၀၈ | အာမခံ ရ | ၂၃၃ | အာမခံ မရ |
| ၂၀၉ | အာမခံ ရ | ၂၃၄ | အာမခံ မရ |
| ၂၁၀ | အာမခံ ရ | ၂၃၅ | အာမခံ မရ |
| ၂၁၁ | အာမခံ ရ | ၂၃၆ | အာမခံ မရ |
| ၂၁၂ | အာမခံ ရ | ၂၃၇ | အာမခံ မရ |
| ၂၁၃ | အာမခံ ရ | ၂၃၈ | အာမခံ မရ |
| ၂၁၄ | အာမခံ ရ | ၂၃၉ | အာမခံ မရ |
| ၂၁၅ | အာမခံ ရ | ၂၄၀ | အာမခံ မရ |
| ၂၁၆ | အာမခံ ရ | ၂၄၁ | အာမခံ မရ |
| ၂၁၆ (က) | အာမခံ ရ | ၂၄၂ | အာမခံ မရ |
| ၂၁၇ | အာမခံ ရ | ၂၄၃ | အာမခံ မရ |
| ၂၁၈ | အာမခံ ရ | ၂၄၄ | အာမခံ မရ |
| ၂၁၉ | အာမခံ ရ | ၂၄၅ | အာမခံ မရ |
| ၂၂၀ | အာမခံ ရ | ၂၄၆ | အာမခံ မရ |
| ၂၂၁ | အာမခံ ရ | ၂၄၇ | အာမခံ မရ |
| ၂၂၂ | အာမခံ မရ | ၂၄၈ | အာမခံ မရ |
| ၂၂၃ | အာမခံ ရ | ၂၄၉ | အာမခံ မရ |
| ၂၂၄ | အာမခံ ရ | ၂၅၀ | အာမခံ မရ |

| ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ | ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ |
|---|---|---|---|
| ၂၅၁ | အာမခံ မရ | ၂၇၈ | အာမခံ ရ |
| ၂၅၂ | အာမခံ မရ | ၂၇၉ | အာမခံ ရ |
| ၂၅၃ | အာမခံ မရ | ၂၇၉ (က) | အာမခံ ရ |
| ၂၅၄ | အာမခံ မရ | ၂၈၀ | အာမခံ ရ |
| ၂၅၅ | အာမခံ ရ | ၂၈၁ | အာမခံ ရ |
| ၂၅၆ | အာမခံ ရ | ၂၈၂ | အာမခံ ရ |
| ၂၅၇ | အာမခံ ရ | ၂၈၃ | အာမခံ ရ |
| ၂၅၈ | အာမခံ ရ | ၂၈၄ | အာမခံ ရ |
| ၂၅၉ | အာမခံ ရ | ၂၈၅ | အာမခံ ရ |
| ၂၆၀ | အာမခံ မရ | ၂၈၆ | အာမခံ ရ |
| ၂၆၁ | အာမခံ ရ | ၂၈၇ | အာမခံ ရ |
| ၂၆၂ | အာမခံ ရ | ၂၈၈ | အာမခံ ရ |
| ၂၆၃ | အာမခံ ရ | ၂၈၉ | အာမခံ ရ |
| ၂၆၃ (က) | အာမခံ ရ | ၂၉၀ | အာမခံ ရ |
| ၂၆၄ | အာမခံ ရ | ၂၉၁ | အာမခံ ရ |
| ၂၆၅ | အာမခံ ရ | ၂၉၂ | အာမခံ ရ |
| ၂၆၆ | အာမခံ ရ | ၂၉၃ | အာမခံ ရ |
| ၂၆၇ | အာမခံ ရ | ၂၉၄ | အာမခံ ရ |
| ၂၆၉ | အာမခံ ရ | ၂၉၄ (က) | အာမခံ မရ |
| ၂၇၀ | အာမခံ ရ | ၂၉၅ | အာမခံ ရ |
| ၂၇၁ | အာမခံ ရ | ၂၉၅ (က) | အာမခံ မရ |
| ၂၇၂ | အာမခံ ရ | ၂၉၆ | အာမခံ ရ |
| ၂၇၃ | အာမခံ ရ | ၂၉၇ | အာမခံ ရ |
| ၂၇၄ | အာမခံ ရ | ၂၉၈ | အာမခံ ရ |
| ၂၇၅ | အာမခံ ရ | ၃၀၂ | အာမခံ မရ |
| ၂၇၆ | အာမခံ ရ | ၃၀၄ | အာမခံ မရ |
| ၂၇၇ | အာမခံ ရ | ၃၀၄ (က) | အာမခံ မရ |

| ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ | ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ |
|---|---|---|---|
| ၃၀၅ | အာမခံ မရ | ၃၃၃ | အာမခံ မရ |
| ၃၀၆ | အာမခံ မရ | ၃၃၄ | အာမခံ ရ |
| ၃၀၇ | အာမခံ မရ | ၃၃၅ | အာမခံ ရ |
| ၃၀၈ | အာမခံ ရ | ၃၃၆ | အာမခံ ရ |
| ၃၀၉ | အာမခံ ရ | ၃၃၇ | အာမခံ ရ |
| ၃၁၁ | အာမခံ မရ | ၃၃၈ | အာမခံ ရ |
| ၃၁၂ | အာမခံ ရ | ၃၄၁ | အာမခံ ရ |
| ၃၁၂ (က) | အာမခံ ရ | ၃၄၂ | အာမခံ ရ |
| ၃၁၂ (ခ) | အာမခံ ရ | ၃၄၃ | အာမခံ ရ |
| ၃၁၂ (ဂ) | အာမခံ ရ | ၃၄၄ | အာမခံ ရ |
| ၃၁၂ (ဃ) | အာမခံ ရ | ၃၄၅ | အာမခံ ရ |
| ၃၁၃ | အာမခံ မရ | ၃၄၆ | အာမခံ ရ |
| ၃၁၄ | အာမခံ မရ | ၃၄၇ | အာမခံ ရ |
| ၃၁၅ | အာမခံ မရ | ၃၄၈ | အာမခံ ရ |
| ၃၁၆ | အာမခံ မရ | ၃၅၂ | အာမခံ ရ |
| ၃၁၇ | အာမခံ ရ | ၃၅၃ | အာမခံ ရ |
| ၃၁၈ | အာမခံ ရ | ၃၅၄ | အာမခံ ရ |
| ၃၂၃ | အာမခံ ရ | ၃၅၅ | အာမခံ ရ |
| ၃၂၄ | အာမခံ ရ | ၃၅၆ | အာမခံ မရ |
| ၃၂၅ | အာမခံ ရ | ၃၅၇ | အာမခံ ရ |
| ၃၂၆ | အာမခံ မရ | ၃၅၈ | အာမခံ ရ |
| ၃၂၇ | အာမခံ မရ | ၃၆၃ | အာမခံ ရ |
| ၃၂၈ | အာမခံ မရ | ၃၆၄ | အာမခံ မရ |
| ၃၂၉ | အာမခံ မရ | ၃၆၅ | အာမခံ မရ |
| ၃၃၀ | အာမခံ ရ | ၃၆၆ | အာမခံ မရ |
| ၃၃၁ | အာမခံ မရ | ၃၆၆ (က) | အာမခံ မရ |
| ၃၃၂ | အာမခံ ရ | ၃၆၆ (ခ) | အာမခံ မရ |

| ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ | ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ |
|---|---|---|---|
| ၃၆၇ | အာမခံ မရ | ၃၉၉ | အာမခံ မရ |
| ၃၆၈ | အာမခံ မရ | ၄၀၀ | အာမခံ မရ |
| ၃၆၉ | အာမခံ မရ | ၄၀၁ | အာမခံ မရ |
| ၃၇၀ | အာမခံ ရ | ၄၀၂ | အာမခံ မရ |
| ၃၇၁ | အာမခံ မရ | ၄၀၃ | အာမခံ ရ |
| ၃၇၂ | အာမခံ မရ | ၄၀၄ | အာမခံ ရ |
| ၃၇၃ | အာမခံ မရ | ၄၀၅ | အာမခံ ရ |
| ၃၇၄ | အာမခံ ရ | ၄၀၆ | အာမခံ မရ |
| ၃၇၆ | အာမခံ မရ | ၄၀၇ | အာမခံ မရ |
| ၃၇၇ | အာမခံ မရ | ၄၀၈ | အာမခံ မရ |
| ၃၇၉ | အာမခံ မရ | ၄၀၉ | အာမခံ မရ |
| ၃၈၀ | အာမခံ မရ | ၄၁၁ | အာမခံ မရ |
| ၃၈၁ | အာမခံ မရ | ၄၁၂ | အာမခံ မရ |
| ၃၈၂ | အာမခံ မရ | ၄၁၃ | အာမခံ မရ |
| ၃၈၄ | အာမခံ ရ | ၄၁၄ | အာမခံ မရ |
| ၃၈၅ | အာမခံ ရ | ၄၁၇ | အာမခံ ရ |
| ၃၈၆ | အာမခံ မရ | ၄၁၈ | အာမခံ ရ |
| ၃၈၇ | အာမခံ မရ | ၄၁၉ | အာမခံ ရ |
| ၃၈၈ | အာမခံ ရ | ၄၂၀ | အာမခံ ရ |
| ၃၈၉ | အာမခံ ရ | ၄၂၁ | အာမခံ ရ |
| ၃၉၂ | အာမခံ မရ | ၄၂၂ | အာမခံ မရ |
| ၃၉၃ | အာမခံ မရ | ၄၂၃ | အာမခံ ရ |
| ၃၉၄ | အာမခံ မရ | ၄၂၄ | အာမခံ ရ |
| ၃၉၅ | အာမခံ မရ | ၄၂၆ | အာမခံ မရ |
| ၃၉၆ | အာမခံ မရ | ၄၂၇ | အာမခံ မရ |
| ၃၉၇ | အာမခံ မရ | ၄၂၈ | အာမခံ ရ |
| ၃၉၈ | အာမခံ မရ | ၄၂၉ | အာမခံ ရ |

| ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ | ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ |
|---|---|---|---|
| ၄၃၀ | အာမခံ ရ | ၄၆၂ | အာမခံ ရ |
| ၄၃၁ | အာမခံ ရ | ၄၆၅ | အာမခံ ရ |
| ၄၃၁ | အာမခံ ရ | ၄၆၆ | အာမခံ မရ |
| ၄၃၂ | အာမခံ ရ | ၄၆၇ | အာမခံ မရ |
| ၄၃၃ | အာမခံ ရ | ၄၆၈ | အာမခံ မရ |
| ၄၃၄ | အာမခံ ရ | ၄၆၉ | အာမခံ ရ |
| ၄၃၅ | အာမခံ ရ | ၄၇၁ | အာမခံ ရ |
| ၄၃၆ | အာမခံ မရ | ၄၇၂ | အာမခံ ရ |
| ၄၃၇ | အာမခံ မရ | ၄၇၃ | အာမခံ ရ |
| ၄၃၈ | အာမခံ မရ | ၄၇၄ | အာမခံ ရ |
| ၄၃၉ | အာမခံ မရ | ၄၇၅ | အာမခံ ရ |
| ၄၄၀ | အာမခံ မရ | ၄၇၆ | အာမခံ ရ |
| ၄၄၇ | အာမခံ ရ | ၄၇၇ (က) | အာမခံ ရ |
| ၄၄၈ | အာမခံ ရ | ၄၈၂ | အာမခံ ရ |
| ၄၄၉ | အာမခံ မရ | ၄၈၃ | အာမခံ ရ |
| ၄၅၀ | အာမခံ မရ | ၄၈၄ | အာမခံ ရ |
| ၄၅၁ | အာမခံ ရ | ၄၈၅ | အာမခံ ရ |
| ၄၅၂ | အာမခံ မရ | ၄၈၆ | အာမခံ ရ |
| ၄၅၃ | အာမခံ မရ | ၄၈၇ | အာမခံ ရ |
| ၄၅၄ | အာမခံ မရ | ၄၈၈ | အာမခံ ရ |
| ၄၅၅ | အာမခံ မရ | ၄၈၉ | အာမခံ ရ |
| ၄၅၆ | အာမခံ မရ | ၄၈၉ (က) | အာမခံ မရ |
| ၄၅၇ | အာမခံ မရ | ၄၈၉ (ခ) | အာမခံ မရ |
| ၄၅၈ | အာမခံ မရ | ၄၈၉ (ဂ) | အာမခံ ရ |
| ၄၅၉ | အာမခံ မရ | ၄၈၉ (ဃ) | အာမခံ မရ |
| ၄၆၀ | အာမခံ မရ | ၄၉၁ | အာမခံ ရ |
| ၄၆၁ | အာမခံ ရ | ၄၉၃ | အာမခံ မရ |

| ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ | ရာဇသတ်ကြီးပုဒ်မ | အာမခံ ရ/မရ |
|---|---|---|---|
| ၄၉၄ | အာမခံ ရ | | |
| ၄၉၅ | အာမခံ ရ | | |
| ၄၉၆ | အာမခံ ရ | | |
| ၄၉၇ | အာမခံ ရ | | |
| ၄၉၈ | အာမခံ ရ | | |
| ၅၀၀ | အာမခံ ရ | | |
| ၅၀၁ | အာမခံ ရ | | |
| ၅၀၂ | အာမခံ ရ | | |
| ၅၀၄ | အာမခံ ရ | | |
| ၅၀၅ | အာမခံ မရ | | |
| ၅၀၆ | အာမခံ ရ | | |
| ၅၀၇ | အာမခံ မရ | | |
| ၅၀၈ | အာမခံ ရ | | |
| ၅၀၉ | အာမခံ ရ | | |
| ၅၁၀ | အာမခံ ရ | | |
| ၅၁၁ | ကျူးလွန်သော ပြစ်မှုပေါ်မူတည်၍ အာမခံပေးခွင့် ရ/မရ တည်သည်။ | | |

## နောက်ဆက်တွဲ ဇယား(၂)

| ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ | ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ |
|---|---|---|---|
| ၁၀၉ | ကျူးလွန်သောပြစ်မှုပေါ် | ၁၃၀ (ခ) | မရ။ |
| | မူတည်၍ ဝရမ်းမပါဘဲ | ၁၃၁ | ရသည်။ |
| | ဖမ်းဆီးခွင့်/မဖမ်းဆီးခွင့် | ၁၃၂ | ရသည်။ |
| | ရှိသည်။ | ၁၃၃ | ရသည်။ |
| ၁၁၀ | ။ | ၁၃၄ | ရသည်။ |
| ၁၁၁ | ။ | ၁၃၅ | ရသည်။ |
| ၁၁၂ | ။ | ၁၃၆ | ရသည်။ |
| ၁၁၃ | ။ | ၁၃၇ | မရ။ |
| ၁၁၄ | ။ | ၁၃၈ | ရသည်။ |
| ၁၁၅ | ။ | ၁၄၀ | ရသည်။ |
| ၁၁၆ | ။ | ၁၄၃ | ရသည်။ |
| ၁၁၇ | ။ | ၁၄၄ | ရသည်။ |
| ၁၁၈ | ။ | ၁၄၅ | ရသည်။ |
| ၁၁၉ | ။ | ၁၄၇ | ရသည်။ |
| ၁၂၀ | ။ | ၁၄၈ | ရသည်။ |
| ၁၂၀ (ခ) | ။ | ၁၄၉ | ကျူးလွန်သော |
| ၁၂၁ | ရသည်။ | | ပြစ်မှုပေါ်မူတည်သည်။ |
| ၁၂၂ | မရ။ | ၁၅၀ | ရသည်။ |
| ၁၂၃ | မရ။ | ၁၅၁ | ရသည်။ |
| ၁၂၄ | မရ။ | ၁၅၂ | ရသည်။ |
| ၁၂၄ (က) | မရ။ | ၁၅၃ | ရသည်။ |
| ၁၂၅ | မရ။ | ၁၅၃ (က) | မရ။ |
| ၁၂၆ | မရ။ | ၁၅၄ | မရ။ |
| ၁၂၇ | မရ။ | ၁၅၅ | မရ။ |
| ၁၂၈ | မရ။ | ၁၅၆ | မရ။ |
| ၁၂၉ | မရ။ | | |
| ၁၃၀ (က) | မရ။ | | |

| ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ | ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ |
|---|---|---|---|
| ၁၅၇ | ရသည်။ | ၁၈၀ | မရ။ |
| ၁၅၈ | ရသည်။ | ၁၈၁ | မရ။ |
| ၁၆၀ | မရ။ | ၁၈၂ | မရ။ |
| ၁၆၁ | မရ။ | ၁၈၃ | မရ။ |
| ၁၆၂ | မရ။ | ၁၈၄ | မရ။ |
| ၁၆၃ | မရ။ | ၁၈၅ | မရ။ |
| ၁၆၄ | မရ။ | ၁၈၆ | မရ။ |
| ၁၆၅ | မရ။ | ၁၈၇ | မရ။ |
| ၁၆၇ | မရ။ | ၁၈၈ | မရ။ |
| ၁၆၈ | မရ။ | ၁၈၉ | မရ။ |
| ၁၆၉ | ရသည်။ | ၁၉၀ | မရ။ |
| ၁၇၀ | ရသည်။ | ၁၉၃ | မရ။ |
| ၁၇၁ (င) | မရ။ | ၁၉၄ | မရ။ |
| ၁၇၁ (စ) | မရ။ | ၁၉၅ | မရ။ |
| ၁၇၁ (ဆ) | မရ။ | ၁၉၆ | မရ။ |
| ၁၇၁ (ဇ) | မရ။ | ၁၉၇ | မရ။ |
| ၁၇၁ (ဈ) | မရ။ | ၁၉၈ | မရ။ |
| ၁၇၁ (ည) | မရ။ | ၁၉၉ | မရ။ |
| ၁၇၂ | မရ။ | ၂၀၀ | မရ။ |
| ၁၇၃ | မရ။ | ၂၀၁ | မရ။ |
| ၁၇၄ | မရ။ | ၂၀၁ | မရ။ |
| ၁၇၅ | မရ။ | ၂၀၃ | မရ။ |
| ၁၇၆ | မရ။ | ၂၀၄ | မရ။ |
| ၁၇၇ | မရ။ | ၂၀၅ | မရ။ |
| ၁၇၈ | မရ။ | ၂၀၆ | မရ။ |
| ၁၇၉ | မရ။ | ၂၀၇ | မရ။ |

| ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ | ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ |
|---|---|---|---|
| ၂၀၈ | မရ။ | ၂၃၂ | ရသည်။ |
| ၂၀၉ | မရ။ | ၂၃၃ | ရသည်။ |
| ၂၁၀ | မရ။ | ၂၃၄ | ရသည်။ |
| ၂၁၁ | မရ။ | ၂၃၅ | ရသည်။ |
| ၂၁၂ | ရသည်။ | ၂၅၇ | ရသည်။ |
| ၂၁၃ | ရသည်။ | ၂၅၈ | ရသည်။ |
| ၂၁၄ | မရ။ | ၂၅၉ | ရသည်။ |
| ၂၁၅ | ရသည်။ | ၂၆၀ | ရသည်။ |
| ၂၁၆ | ရသည်။ | ၂၆၁ | ရသည်။ |
| ၂၁၆ (က) | ရသည်။ | ၂၆၂ | ရသည်။ |
| ၂၁၇ | မရ။ | ၂၆၃ | ရသည်။ |
| ၂၁၈ | မရ။ | ၂၆၃ (က) | ရသည်။ |
| ၂၁၉ | မရ။ | ၂၆၄ | မရ။ |
| ၂၂၀ | မရ။ | ၂၆၅ | မရ။ |
| ၂၂၁ | မရ။ | ၂၆၆ | မရ။ |
| ၂၂၂ | မရ။ | ၂၆၇ | မရ။ |
| ၂၂၃ | မရ။ | ၂၆၉ | ရသည်။ |
| ၂၂၄ | ရသည်။ | ၂၇၀ | ရသည်။ |
| ၂၂၅ | ရသည်။ | ၂၇၁ | မရ။ |
| ၂၂၅ (က) | မရ။ | ၂၇၂ | မရ။ |
| ၂၂၅ (ခ) | ရသည်။ | ၂၇၃ | မရ။ |
| ၂၂၆ | ရသည်။ | ၂၇၄ | မရ။ |
| ၂၂၇ | မရ။ | ၂၇၅ | မရ။ |
| ၂၂၈ | မရ။ | ၂၇၆ | မရ။ |
| ၂၂၉ | မရ။ | ၂၇၇ | ရသည်။ |
| ၂၃၀ | ရသည်။ | ၂၇၈ | မရ။ |

| ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ | ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ |
|---|---|---|---|
| ၂၇၉ | ရသည်။ | ၃၀၅ | ရသည်။ |
| ၂၇၉ (က) | ရသည်။ | ၃၀၆ | ရသည်။ |
| ၂၈၀ | ရသည်။ | ၃၀၇ | ရသည်။ |
| ၂၈၁ | ရသည်။ | ၃၀၈ | ရသည်။ |
| ၂၈၂ | ရသည်။ | ၃၀၉ | ရသည်။ |
| ၂၈၃ | ရသည်။ | ၃၁၁ | ရသည်။ |
| ၂၈၄ | မရ။ | ၃၁၂ (က) | မရ။ |
| ၂၈၅ | ရသည်။ | ၃၁၂ (ခ) | မရ။ |
| ၂၈၆ | ရသည်။ | ၃၁၂ (ဂ) | မရ။ |
| ၂၈၇ | မရ။ | ၃၁၂ (ဃ) | မရ။ |
| ၂၈၈ | မရ။ | ၃၁၃ | မရ။ |
| ၂၈၉ | ရသည်။ | ၃၁၄ | မရ။ |
| ၂၉၀ | မရ။ | ၃၁၅ | မရ။ |
| ၂၉၁ | ရသည်။ | ၃၁၆ | မရ။ |
| ၂၉၂ | ရသည်။ | ၃၁၇ | ရသည်။ |
| ၂၉၃ | ရသည်။ | ၃၁၈ | ရသည်။ |
| ၂၉၄ | ရသည်။ | ၃၂၃ | မရ။ |
| ၂၉၄ (က) | မရ။ | ၃၂၄ | ရသည်။ |
| ၂၉၅ | ရသည်။ | ၃၂၅ | ရသည်။ |
| ၂၉၅ (က) | မရ။ | ၃၂၆ | ရသည်။ |
| ၂၉၆ | ရသည်။ | ၃၂၇ | ရသည်။ |
| ၂၉၇ | ရသည်။ | ၃၂၈ | ရသည်။ |
| ၂၉၈ | မရ။ | ၃၂၉ | ရသည်။ |
| ၃၀၂ | ရသည်။ | ၃၃၀ | ရသည်။ |
| ၃၀၄ | ရသည်။ | ၃၃၁ | ရသည်။ |
| ၃၀၄ (က) | ရသည်။ | ၃၃၂ | ရသည်။ |

| ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ | ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ |
|---|---|---|---|
| ၃၃၃ | ရသည်။ | ၃၆၆ (ခ) | ရသည်။ |
| ၃၃၄ | မရ။ | ၃၆၇ | ရသည်။ |
| ၃၃၅ | ရသည်။ | ၃၆၈ | ရသည်။ |
| ၃၃၆ | ရသည်။ | ၃၆၉ | ရသည်။ |
| ၃၃၇ | ရသည်။ | ၃၇၀ | မရ။ |
| ၃၃၈ | ရသည်။ | ၃၇၁ | ရသည်။ |
| ၃၄၁ | ရသည်။ | ၃၇၂ | ရသည်။ |
| ၃၄၂ | ရသည်။ | ၃၇၃ | ရသည်။ |
| ၃၄၃ | ရသည်။ | ၃၇၄ | မရ။ |
| ၃၄၄ | ရသည်။ | ၃၇၆ | ရသည်။ |
| ၃၄၅ | မရ။ | ၃၇၇ | ရသည်။ |
| ၃၄၆ | ရသည်။ | ၃၇၉ | ရသည်။ |
| ၃၄၇ | ရသည်။ | ၃၈၀ | ရသည်။ |
| ၃၄၈ | ရသည်။ | ၃၈၁ | ရသည်။ |
| ၃၅၂ | မရ။ | ၃၈၂ | ရသည်။ |
| ၃၅၃ | ရသည်။ | ၃၈၄ | ရသည်။ |
| ၃၅၄ | ရသည်။ | ၃၈၅ | ရသည်။ |
| ၃၅၅ | မရ။ | ၃၈၆ | ရသည်။ |
| ၃၅၆ | ရသည်။ | ၃၈၇ | ရသည်။ |
| ၃၅၇ | ရသည်။ | ၃၈၈ | ရသည်။ |
| ၃၅၈ | ရသည်။ | ၃၈၉ | ရသည်။ |
| ၃၆၃ | ရသည်။ | ၃၉၂ | ရသည်။ |
| ၃၆၄ | ရသည်။ | ၃၉၃ | ရသည်။ |
| ၃၆၅ | ရသည်။ | ၃၉၄ | ရသည်။ |
| ၃၆၆ | ရသည်။ | ၃၉၅ | ရသည်။ |
| ၃၆၆ (က) | ရသည်။ | ၃၉၆ | ရသည်။ |

| ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ | ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ |
|---|---|---|---|
| ၃၉၇ | ရသည်။ | ၄၂၈ | ရသည်။ |
| ၃၉၈ | ရသည်။ | ၄၂၉ | ရသည်။ |
| ၃၉၉ | ရသည်။ | ၄၃၀ | ရသည်။ |
| ၄၀၀ | ရသည်။ | ၄၃၁ | ရသည်။ |
| ၄၀၁ | ရသည်။ | ၄၃၁ | ရသည်။ |
| ၄၀၂ | ရသည်။ | ၄၃၂ | ရသည်။ |
| ၄၀၃ | မရ။ | ၄၃၃ | ရသည်။ |
| ၄၀၄ | မရ။ | ၄၃၄ | မရ။ |
| ၄၀၆ | ရသည်။ | ၄၃၅ | ရသည်။ |
| ၄၀၇ | ရသည်။ | ၄၃၆ | ရသည်။ |
| ၄၀၈ | ရသည်။ | ၄၃၇ | ရသည်။ |
| ၄၀၉ | ရသည်။ | ၄၃၈ | ရသည်။ |
| ၄၁၁ | ရသည်။ | ၄၃၉ | ရသည်။ |
| ၄၁၂ | ရသည်။ | ၄၄၀ | ရသည်။ |
| ၄၁၃ | ရသည်။ | ၄၄၇ | ရသည်။ |
| ၄၁၄ | ရသည်။ | ၄၄၈ | ရသည်။ |
| ၄၁၇ | မရ။ | ၄၄၉ | ရသည်။ |
| ၄၁၈ | မရ။ | ၄၅၀ | ရသည်။ |
| ၄၁၉ | ရသည်။ | ၄၅၁ | ရသည်။ |
| ၄၂၀ | ရသည်။ | ၄၅၂ | ရသည်။ |
| ၄၂၁ | မရ။ | ၄၅၃ | ရသည်။ |
| ၄၂၂ | မရ။ | ၄၅၄ | ရသည်။ |
| ၄၂၃ | မရ။ | ၄၅၅ | ရသည်။ |
| ၄၂၄ | မရ။ | ၄၅၆ | ရသည်။ |
| ၄၂၆ | မရ။ | ၄၅၇ | ရသည်။ |
| ၄၂၇ | မရ။ | ၄၅၈ | ရသည်။ |

| ရာဇသတ်ကြီးပုဒ်မ | ဝရမ်းမပါ ဖမ်းဆီးခွင့် ရ/မရ |
|---|---|
| ၄၅၉ | ရသည်။ |
| ၄၆၀ | ရသည်။ |
| ၄၆၁ | ရသည်။ |
| ၄၆၂ | ရသည်။ |
| ၄၆၅ | မရ။ |
| ၄၆၆ | မရ။ |
| ၄၆၇ | မရ။ |
| ၄၆၈ | မရ။ |
| ၄၆၉ | မရ။ |
| ၄၇၁ | မရ။ |
| ၄၇၂ | မရ။ |
| ၄၇၃ | မရ။ |
| ၄၇၄ | မရ။ |
| ၄၇၅ | မရ။ |
| ၄၇၆ | မရ။ |
| ၄၇၇ (က) | မရ။ |
| ၄၈၃ | ရသည်။ |
| ၄၈၄ | ရသည်။ |
| ၄၈၅ | ရသည်။ |
| ၄၈၆ | ရသည်။ |
| ၄၈၇ | ရသည်။ |
| ၄၈၈ | ရသည်။ |
| ၄၈၉ | ရသည်။ |
| ၄၈၉ (က) | ရသည်။ |
| ၄၈၉ (ခ) | ရသည်။ |
| ၄၈၉ (ဂ) | ရသည်။ |
| ၄၉၁ | မရ။ |
| ၄၉၃ | မရ။ |
| ၄၉၄ | မရ။ |
| ၄၉၅ | မရ။ |
| ၄၉၆ | မရ။ |
| ၄၉၇ | မရ။ |
| ၄၉၈ | မရ။ |
| ၅၀၀ | မရ။ |
| ၅၀၁ | မရ။ |
| ၅၀၂ | မရ။ |
| ၅၀၄ | မရ။ |
| ၅၀၅ | မရ။ |
| ၅၀၆ | မရ။ |
| ၅၀၇ | မရ။ |
| ၅၀၈ | မရ။ |
| ၅၀၉ | မရ။ |
| ၅၁၀ | မရ။ |
| ၅၁၁ | ကျူးလွန်သော ပြစ်မှုပေါ်မူတည်သည်။ |

# အခန်း(၄) အမှုအတွက်ရှေ့နေ

**ရှေ့နေရှေ့ရပ် လိုအပ် မလိုအပ်**

လူတစ်ဦးဖျားနာ၍ မကျန်းမမာဖြစ်သောအခါ မိမိဘာသာ ဆေးဝယ်သောက်သည်လည်းရှိ၏။ ဆရာဝန်ထံသွားရောက်၍ ကုသမှု ခံယူသည်လည်းရှိ၏။

လူမမာတစ်ဦးသည် မိမိကျန်းမာရေးအတွက် မိမိဘာသာဝယ်ယူ သောက်သုံးမည်လော သို့မဟုတ် ဆရာဝန်၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်မည်လော ဆိုသည့်ကိစ္စမှာ ထိုလူမမာ၏ အဆုံးအဖြတ်တွင် တည်သည်။

လူမမာသည် မိမိအခြေအနေကို မိမိအသိဆုံးဖြစ်သည်။ မိမိ ရောဂါအခြေအနေသည် ဆရာဝန်ခေါ်လောက်သော အခြေအနေ ဟုတ် မဟုတ် ၎င်းသာလျှင် အသိဆုံးဖြစ်သည်။

အချို့သောလူမမာများသည် ရောဂါဗေဒ၊ ဆေးဝါးဗေဒနှင့်ပတ် သက်၍ တီးမိခေါက်မိထားတတ်သည်များလည်း ရှိ၏။ အချို့မှာ ဟုတ်တိ ပတ်တိ သိသည်လည်းရှိ၏။ အချို့မှာ ဟုတ်တိပတ်တိ မသိသည်လည်း ရှိ၏။

ဆရာဝန်ခေါ်ရမည့် အခြေအနေဖြစ်ပါလျက် ဟုတ်တိပတ်တိ မသိဘဲ ဆေးမီးတိုများဖြင့် တတ်ယောင်ကား ကုနေသဖြင့် အနာကိုဆွ သကဲ့သို့ဖြစ်ကာ ကိုယ်ကျိုးနည်းရသည့်အဖြစ်များ ကြုံရသည်များလည်း ရှိပေသည်။

အပ်နှင့်ထွင်းရမည့်ကိစ္စ ပေါက်ဆိန်နှင့် ပေါက်ကြသည်လည်း ရှိသည်။

အမှုအခင်းဖြစ်သောအခါ ရှေ့နေငှားရန်လိုအပ်သည် မလိုအပ်သည်ဆိုခြင်းမှာလည်း အထက်ပါအတိုင်းဖြစ်သည်။

(က) တရားရုံးအတွေ့အကြုံ

(ခ) စွမ်းဆောင်နိုင်မှု အတိုင်းအတာ

(ဂ) သိမြင်နားလည်မှု

အချက်သုံးချက်ကို မူတည်ကာ မိမိဘာသာ ဆုံးဖြတ်ရမည်။

ရှေ့နေငှားရန်မလိုအပ်ဟု ထင်မြင်ယူဆပါက မိမိကိုယ်မိမိ ရှေ့နေတစ်ဦးကဲ့သို့ မှတ်ယူကာ အစစ လုပ်ဆောင်သွားဖို့လိုသည်။

ရှေ့နေငှားရန် လိုအပ်သည်ဟု ထင်မြင်ယူဆပါက သင့်လျော်အပ်စပ်မည့် ရှေ့နေကို ရွေးချယ်ငှားရမ်းရပေမည်။

**ရှေ့နေလောက**

လက်ရှိရှေ့နေလောကကို ကြည့်မည်ဆိုပါက

၁။ ပညာရှင်ရှေ့နေ

၂။ ပွဲစားရှေ့နေ

၃။ သီးသီးခြားခြားကြိုးပမ်းနေသည့်ရှေ့နေဟူ၍တွေ့နိုင်၏။

**ပညာရှင်ရှေ့နေ**

ရှေ့နေလောက၏ ဒိတ်ဒိတ်ကြဲများဖြစ်ကြသည်။ များသောအားဖြင့် အမှုကြီးများတွင် ဟိုဘက်ဒီဘက် အလုအယက်ငှားရမ်းခြင်းခံနေရသည့် ရှေ့နေများဖြစ်သည်။

ပြစ်မှုဘုရင်၊ တရားမမှုဘုရင်များဟု အမည်ကင်ပွန်းအတပ်ခံရလောက်အောင် လေးစားထိုက်သော ပညာရှင်ရှေ့နေများဖြစ်သည်။

အဆိုပါရှေ့နေများ၏ ဂုဏ်သတင်းသည် ကြော်ငြာပေးနေရန်မလိုဘဲ ပင်ကိုယ်ကောင်းသတင်းမွှေးမှုများဖြင့် ကျော်ကြား၍နေ၏။

ရှေ့နေ၏ တန်ဖိုးအမှန်ကိုသိသူများ ထိုက်ထိုက်တန်တန်ပေး၍ ငှားရမ်းကြသည်။

## ပွဲစားရှေ့နေ

ရှေ့နေသည် အမှုရအောင် မိမိကိုယ်မိမိ ကြော်ငြာရသည်မဟုတ်ပေ။ အရည်အချင်းရှိသော ရှေ့နေများအနေဖြင့် ပင်ကိုယ်ကောင်းသတင်းမွှေးမှုဖြင့်ရပ်တည်နိုင်သော်လည်း ပင်ကိုယ်ပညာဂုဏ်သတင်းမွှေးပျံ့မှုနည်းပါးသော ရှေ့နေများအဖို့ ကြော်ငြာပေးမည့်ပွဲစားကို အားကိုးကြသည်။

ပွဲစားက မိမိရည်ညွှန်းသည့်ရှေ့နေကို သိကြားမင်းကြီးအလားအမှုသည်က ထင်ရလောက်အောင် အပို့အညွှန်းများပြုတတ်သည်။ ၎င်းတို့နှင့် အစေးမကပ်သော ရှေ့နေကိုမူ ခွေးလေးကြမ်းပိုးသာသာဖြစ်အောင် ပြောတတ်သည်။ ရှေ့နေခသည် ပွဲစား၏ အဆွယ်အဟောအညွှန်းအမွှန်းပေါ် မူတည်သည်။

အမှုပွဲစားက ရှေ့နေအား အမှုရအောင် လုပ်ဆောင်ပေးပြီး အမှုငှားသည့်အခါ ရှေ့နေခထဲမှ ပွဲခယူသည်။

အဆိုပါရှေ့နေများသည် ပညာအရည်အချင်းကို အားကိုးသည်ထက် ပွဲစားကိုသာ အားကိုးကြသည်က များသည်။

ပွဲစားပတ်ဝန်းကျင်တွင် ကျင်လည်ကျက်စားသည်ဖြစ်၍ ၎င်းသည်လည်း ပွဲစားဆန်တတ်သည်။ ပွဲစားတို့၏ လုပ်နည်းလုပ်ဟန်များ ၎င်း၏ရှေ့နေလုပ်ငန်းတွင် ထင်ဟပ်နေတတ်မြဲဖြစ်သည်။

**သီးသီးခြားခြားရှေ့နေ**

အမှုရအောင် ပွဲစားကို အားမကိုးဘဲ လှုပ်ရှားရပ်တည်နေသည့် ရှေ့နေအမျိုးအစားဖြစ်သည်။ ပညာအရည်အသွေးအရ ပညာရှင်အဆင့် မဟုတ်သေးသော်လည်း ပညာရှင်အဆင့်သို့ တက်လှမ်းရန် ကြိုးပမ်းနေသည့်ရှေ့နေအမျိုးအစားဖြစ်သည်။ ပညာရည်မပြည့်သေးသော်လည်း အညွန့်ရှိသည်။ ရှေ့နေတို့၏ ကြန်အင်လက္ခဏာ ပရိက်များ ပြည့်စုံခြင်း မရှိသေးသော်လည်း ရရှိအောင် ကြိုးပမ်းနေဆဲ ရှေ့နေအမျိုးအစားဟု ဆိုရပေမည်။

**ရှေ့နေအရွေးမမှားသင့်**

မိမိတတ်နိုင်သော ငွေကြေးပမာဏကို ချင့်ကာ မိမိအမှုအတွက် အအပ်စပ်ဆုံးဟု ထင်မြင်ယူဆသော ရှေ့နေကို ရွေးချယ်ငှားရမ်းသင့်သည်။

အချို့ရှေ့နေများသည် အမှုတည်ဆောက်ရာတွင် စေ့စပ်သေချာသည်။ အချို့ရှေ့နေများသည် အမှုကိုဖျက်ရာတွင် တကုတ်တကပ်ရှိ၏။

တရားလိုဘက်မှ ရှေ့နေငှားရမ်းမည်ဆိုလျှင် အမှုတည်ဆောက်ရာတွင် စေ့စပ်သေချာတတ်သောရှေ့နေ၏ အရည်အသွေးကို ထည့်သွင်းစဉ်းစားရသည်။ တရားခံဘက်မှ ငှားမည်ဆိုလျှင်လည်း အမှုကိုဖျက်ရာတွင် တကုတ်တကပ်နိုင်သော အရည်အသွေးကို ထည့်သွင်းစဉ်းစားရသည်။

ရှေ့နေ၏လုပ်ရည်ကိုင်ရည်သည် အမှု၏ အတိမ်အနက် အလေးအပေါ့ကိုလည်း ဖြစ်ပေါ်စေသည်။ ရှေ့နေငှားရမ်းခြင်းကို အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုးခြင်းတစ်မျိုးဟု ယူဆထားသင့်သည်။

**တရားလိုဘက် ရှေ့နေငှားရမ်းခြင်း**

ရဲအရေးပိုင်သောအမှုများအတွက် သက်ဆိုင်ရာဥပဒေအရာရှိများက တရားလိုဘက်မှ လိုက်ပါအကျိုးဆောင်ပေးမြဲဖြစ်သည်။ သို့သော်

တရားလိုက မိမိစိတ်ကြိုက် သီးခြားရှေ့နေထပ်ငှားလိုက ငှားနိုင်သည်။ သက်ဆိုင်ရာ ဥပဒေအရာရှိ၏ ခွင့်ပြုချက်ကိုတောင်းခံကာ ၎င်းနှင့်တွဲဖက်၍ ၎င်း၏လက်အောက်မှ ဆောင်ရွက်ရသည်။

ရဲအရေးမပိုင်သောအမှုများအတွက်မူ သက်ဆိုင်ရာဥပဒေအရာရှိက လိုက်ပါအကျိုးဆောင်ပေးမည်မဟုတ်သဖြင့် အကျိုးဆောင်လိုအပ်သည်ဟု ထင်မြင်ယူဆပါက မိမိစိတ်ကြိုက်ရှေ့နေငှား၍ ဆောင်ရွက်နိုင်သည်။

အမှု၏ မည်သည့်အဆင့်တွင်မဆို ရှေ့နေငှားရမ်း၍ ဆောင်ရွက်ခွင့် ရှိသည်။

ရှေ့နေငှားလျှင် ရှေ့နေကို ကိုယ်စားလှယ်လွှဲစာ ပေးရသည်။ လွှဲစာ၌ အမှုသည်ကိုယ်တိုင် လက်မှတ်ရေးထိုးပေးရမည်။

**တရားခံဘက် ရှေ့နေငှားရမ်းခြင်း**

အမှုများတွင် တရားခံသည် ရှေ့နေကိုငှားရမ်း၍ ခုခံချေပခွင့်ရှိသည်။ မည်သည့်အဆင့်သို့ ရောက်ရှိသည်ဖြစ်စေ ရှေ့နေငှားနိုင်သည်။ တစ်ယောက်မကလည်း ငှားရမ်းနိုင်သည်။

လက်ရှိရှေ့နေဖြင့် အမှုကိုဆောင်ရွက်နေရာမှ ထပ်မံ၍ ရှေ့နေအသစ်ငှားလိုသေးသည်ဆိုက ငှားနိုင်သည်။ သို့မဟုတ် လက်ရှိရှေ့နေကို မကြိုက်၍ နောက်ရှေ့နေပြောင်းငှားလိုကလည်း ရ၏။ သို့သော် လက်ရှိရှေ့နေ သဘောတူဖို့လိုသည်။ လက်ရှိရှေ့နေအပေါ် အမှုသည်ဘက်က တာဝန်ကျေဖို့လည်းလိုသည်။

မိမိငှားရမ်းထားသော ရှေ့နေကို အမှုကိစ္စအားလုံး ပြောပြသင့်သည်။ ဆိုင်ရာ စာရွက်စာတမ်းများ အထောက်အထားများ ပြသထားသင့်သည်။

မိမိရှေ့နေ စိတ်လက်ကြည်သာသည့်အခိုက်တွင် မိမိတတ်စွမ်းသမျှ အချက်အလက်ဆိုင်ရာ အကြံဉာဏ်များ ပေးသင့်သည်။ ၎င်း၏

စိတ်ကူးအကြံဉာဏ်များ၊ ထင်မြင်ချက်များကိုလည်း ရံဖန်ရံခါ တောင်းခံသင့်၏။

သို့သော် အကြောင်းအရာတစ်ခုကို ထပ်တလဲလဲတင်ပြနေခြင်းမျိုးကို ရှောင်သင့်သည်။ မိမိရှေ့နေက မိမိအား နားပူနားဆာပြုသူ၊ ဂဂျီဂဂျောင်ပြုသူအဖြစ် ယူဆသွားမည့် အပြုအမူမျိုး အထူးရှောင်ဖို့လိုသည်။

# အခန်း(၅) အမှုစစ်ဆေးခြင်း

**တရားလိုကိုစစ်ခြင်း**

မည်သည့် ရာဇဝတ်မှုတွင်မဆို အမှုကို စတင်စစ်ဆေးမည်ဆိုက တရားလိုကို ဦးစွာစစ်ဆေးလေ့ရှိသည်။ တရားလိုက အမှုဖြစ်အကြောင်း အရာဇာတ်လမ်းစဉ်ကို ပြောပြရသည်။

ဥပမာ-အခင်းဖြစ်ပွားသည့် ၄၊ ၅၊ ၉၂ နေ့ နံနက်(၈)နာရီအချိန် ခန့်က နေအိမ်တွင် ကျွန်တော်ရှိနေခိုက် တရားခံသည် နေအိမ်ရှေ့သို့ ရောက်ရှိလာကာ ညစ်ညမ်းစွာ တိုင်းထွာဆဲရေးသည့်အပြင် 'သတ်ပစ်မည်'ဟုလည်း ခြိမ်းခြောက်ပြောဆိုလာပါ၍ အရေးယူပေးနိုင်ရန် အမှုဖွင့် တိုင်ကြားခြင်းဖြစ်ပါသည်။

အကယ်၍ တရားလိုရှေ့နေပါရှိလျှင် ရှေ့နေက ဇာတ်ကြောင်းကို ရှေ့မှဖော်မေးသည်ကို တရားလိုက ဇာတ်ကြောင်းပေါ်အောင် လိုက်ဖြေ ရသည်။

ဥပမာ-

ရှေ့နေမေး။ အခင်းဖြစ်နေ့ကို မှတ်မိသလား။

တရားလိုဖြေ။ ၄၊ ၅၊ ၉၂ နေ့ပါ။

| | |
|---|---|
| ရှေ့နေမေး။ | ဘယ်အချိန်လောက်မှာ ဘယ်မှာရှိနေသလဲ။ |
| တရားလိုဖြေ။ | နံနက်(၈)နာရီလောက်မှာ ကျွန်တော်နေအိမ်မှာရှိနေပါတယ်။ |
| ရှေ့နေမေး။ | ဘယ်သူဘယ်လိုရောက်လာပြီး ဘာလုပ်သလဲ။ |
| တရားလိုဖြေ။ | တရားခံအိမ်ရှေ့ရောက်လာပြီး ဆဲရေးတိုင်းထွာပါတယ်။ |
| ရှေ့နေမေး။ | ပြီးတော့ကော။ |
| တရားလိုဖြေ။ | သတ်ပစ်မယ်လို့လဲ ခြိမ်းခြောက်ပါတယ်။ |
| ရှေ့နေမေး။ | အဲဒီအချိန်က အနီးအနားမှာ ဘယ်သူတွေရှိနေလဲ။ |
| တရားလိုဖြေ။ | အိမ်နီးချင်း ကိုခင်မောင်၊ ဒေါ်မြနဲ့ ကျွန်တော့်အိမ်သားတွေ အားလုံး ရှိပါတယ်။ |

ထိုသို့ စစ်မေးသည်ကို အဓိကစစ်မေးခြင်းဟု ခေါ်သည်။

ရှေ့နေက မေးခွန်းထုတ်ရာတွင် "တရားခံ ခင်ဗျားအိမ်ရှေ့ရောက်လာတယ်မဟုတ်လား"၊ "ခင်ဗျားကို ဆဲရေးတိုင်းထွာတယ်မဟုတ်လား" "ခြိမ်းခြောက်တယ်မဟုတ်လား"ဟူ၍ မမေးအပ်သည်ကို သတိပြုမိပေမည်။ ထိုသို့မမေးခြင်းမှာ အဓိကစစ်မေးခြင်းတွင် နိမိတ်ပြမေးခွန်းများ မေးခွင့်မရှိသောကြောင့်ဖြစ်သည်။

တရားလိုကိုစစ်ရာတွင် တရားလိုအနေဖြင့် အမှုနှင့်သက်ဆိုင်သည်လည်းဖြစ်သော မိမိတင်ပြရန် တာဝန်ရှိသည်လည်းဖြစ်သော စာရွက်စာတမ်း အထောက်အထားများကို မိမိအား စစ်ဆေးခိုက်မှာပင် တစ်ပါတည်း တင်ပြရသည်။ ထိုသို့ မတင်ပြခဲ့သော် တင်ပြမည့် အထောက်အထားနှင့်စပ်လျဉ်း၍ အခွင့်အရေးဆုံးရှုံးလေသည်။

**တရားခံဘက်က ပြန်လှန်မေးမြန်းခြင်း**

တရားလို၏ ထွက်ဆိုချက်ပြီးသည့်အခါ တရားခံဘက်က တရားလိုအား မေးခွန်းများ ပြန်လှန်မေးခွင့်ရသည်။

တရားခံအနေဖြင့် ရှေ့နေမရှိသော် ကိုယ်တိုင်မေးမြန်းနိုင်သည်။

အကယ်၍ တရားခံဘက်တွင် ရှေ့နေရှိသော် ရှေ့နေက မေးမြန်းရသည်။ ထိုသို့မေးမြန်းသည်ကို ပြန်လှန်စစ်မေးခြင်းဟု ခေါ်သည်။ နိမိတ်ပြမေးခွန်းများ မေးခွင့်ရသည်။

တရားခံ သို့မဟုတ် တရားခံရှေ့နေ မေးမြန်းသည်ကို တရားလိုက ဖြေကြားရသည်။

ပြန်လှန်မေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ စွပ်စွဲသည့်အချက် မမှန်ကြောင်း ဖော်ထုတ်ရန်ဖြစ်သည်။

'အခင်းဖြစ်နေ့က တိုင်းထွာဆဲဆိုခြင်း မရှိဘူးဆိုရင် ဘာပြောမလဲ'

'တမင်လည်ဆယ်ပြီး မဟုတ်မတရား စွပ်စွဲတာမဟုတ်လား'

စသည်ဖြင့် မေးမြန်းနိုင်သည်။ မည်သည့်မေးခွန်းမျှ မမေးဘဲနေသော် တရားလိုစွပ်စွဲသည့်အချက်ကို အငြင်းမပွားသည့်သဘော သက်ရောက်နိုင်သည်။

## ပြန်ရှင်းစစ်မေးခြင်း

တရားခံဘက်မှ ပြန်လှန်မေးမြန်းပြီးနောက် မရှင်းမလင်းဖြစ်နေသည့်အချက်များကို ကွဲပြားရှင်းလင်းရန် တရားလိုဘက်က ပြန်ရှင်းမေးခွန်းမေးနိုင်သည်။ ရှေ့နေမရှိသော် ပြန်ရှင်းမေးခွန်းမလိုဟု ဆိုရပေမည်။

## တရားလိုသက်သေအား စစ်ဆေးခြင်း

ရဲစခန်းမှ တရားစွဲတင်ပို့သောအမှုများတွင် တရားလိုပြ သက်သေစာရင်းပါရှိမြဲဖြစ်သည်။ ဉီးတိုက်လျှောက်ထား တရားစွဲဆိုသော အမှုအတွက်မူ တရားလိုကို စစ်ဆေးချိန်တွင် တစ်ပါတည်း တင်သွင်းရသည်။

တရားလိုပြသက်သေစာရင်း နမူနာပုံစံကို အောက်တွင် ဖော်ပြပေးထားသည်။

**နမူနာပုံစံ(၄)**

------------------------------------------------ တရားရုံး၌

---ခုနှစ် -----------------အမှုအမှတ် --------------------

------------------------ နှင့် ---------------------တရားလို --

-------------------------------------------------တရားခံ

အထက်အမှုတွင် ခု၊ -----------------လ၊ ------- ရက်နေ့တွင် စစ်ဆေးရန်ချိန်းဆိုထားသည့်အတိုင်း တရားလို/တရားခံ ဘက်မှ စစ်ဆေးရန်နှင့် သမ္မာန်စာထုတ်ဆင့်ပေးပါရန် အောက်ပါအတိုင်း သက်သေစာရင်း ရေးသားတင်ဆက်ပါသည်။

------------------------ မြို့။

၁၉----ခုနှစ်၊ ------------------- လ -----ရက်။ တရားလို။

၁၃----ခုနှစ်၊ ------------------- လ -----ရက်။

☸ ☸ ☸

တရားလိုကို စစ်ဆေးပြီးသည့်နောက်တွင် တရားလိုပြသက်သေစာရင်းတွင်ပါရှိသည့် လိုပြသက်သေများကို စစ်ဆေးသည်။

ရဲအရေးပိုင်သောအမှုများတွင် ဥပဒေအရာရှိ(သို့မဟုတ်) တရားလိုရှေ့နေက ဦးဆောင်မေးမြန်းသည်။ အဓိကစစ်မေးနည်းအတိုင်း စစ်မေးသည်။ တရားလိုသက်သေက မိမိမြင်တွေ့သိရှိသည့် အချက်များကို ပြောဆိုရသည်။

ရဲအရေးမပိုင်သောအမှုများတွင် ကိုယ်ပိုင်ရှေ့နေရှိက ရှေ့နေက ဦးဆောင်စစ်ဆေးသည်။ ရှေ့နေမရှိက တရားလိုသက်သေအနေဖြင့် သိသမျှကို ရုံးသို့တင်ပြရသည်။

တရားလိုသက်သေ၏ အဓိကစစ်မေးခြင်း ပြီးဆုံးသည့်အခါ တရားခံဘက်က ပြန်လှန်စစ်မေးခွင့်ရသည်။ မေးခွန်းထုတ်ခွင့်ရှိသည်။ တရားခံဘက် မေးမြန်းသည်ကို တရားလိုသက်သေက ဖြေဆိုရသည်။

တရားလိုပြသက်သေများကို ဤနည်းအတိုင်းစစ်ဆေးသွားရသည်။

## တရားလိုသက်သေအား ခေါ်ယူခြင်း

ရဲအရေးပိုင်သောအမှုတွင် တရားလိုပြသက်သေများကို တရားရုံးအမိန့်ဖြင့် ဆင့်စာချအပ်၍ ခေါ်သည်။ တရားရုံးသို့ လာရောက်အစစ်ခံသော တရားလိုပြသက်သေကို တရားရုံးက သက်သေစရိတ်ထုတ်ပေးသည်။ သက်သေအနေဖြင့် သက်သေစရိတ်တောင်းခွင့်ရှိသည်။ တစ်နယ်တစ်ကျေးမှ လာရောက်သက်သေခံရသည်ရှိသော် တရားဝင်ကုန်ကျသည့်စရိတ် တောင်းခွင့်ရှိသည်။

သို့သော် ဝန်ထမ်းဖြစ်သော် သက်သေစရိတ်ခံစားခွင့် မရှိ၊ On duty အဖြစ် လာရောက်အစစ်ခံကြောင်း ထောက်ခံချက်ကိုသာ တရားရုံးက ထုတ်ပေးသည်။

ရဲအရေးမပိုင်သောအမှုတွင် တရားလိုပြသက်သေများကို တရားလိုကိုယ်တိုင် တာဝန်ယူခေါ်လာရသည်။ အကယ်၍ တရားရုံးမှ ဆင့်စာ

ချုအပ်ရန်လိုအပ်ပါက သက်သေအား ရုံးတော်မှတစ်ဆင့် ခေါ်ယူပေးပါရန်လျှောက်ထားနိုင်သည်။ သက်သေတစ်ဦးလျှင် ဆင့်စာခတံဆိပ်တော်ခေါင်း ( ၅/- )တင်သွင်းရသည်။

ရဲအရေးမပိုင်သောအမှုတွင် တရားလိုသည် တရားလိုပြသက်သေများကို မိမိဆန္ဒအတိုင်း ပယ်ခွင့်ရှိသည်။

**တရားခံအား တရားရုံးက စွဲချက်တင်ခြင်း၊ မတင်ခြင်း**

တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေး၍ ပြီးဆုံးသောအခါ တရားခံအား စွဲချက်တင်သင့် မတင်သင့် အဆင့်သို့ ရောက်ရှိသည်။

တရားလိုဘက်က စွပ်စွဲထားသည့် အချက်အလက်များအရ တရားခံပြစ်မှုကျူးလွန်ကြောင်း ထင်သာမြင်သာသည့် အနေအထားရှိမရှိ သုံးသပ်သည်။ ထင်သာမြင်သာသည့် အနေအထားရှိက စွဲချက်တင်သည်။ ထင်သာမြင်သာသည့် အနေအထားမရှိက တရားခံအား လွှတ်သည်။ ထိုသို့ လွှတ်သည်ကို စွဲချက်မတင်မီ လွှတ်သည်ဟုလည်းကောင်း၊ တရားရှင်လွှတ်သည်ဟုလည်းကောင်း ဆိုသည်။ စွဲချက်တင်သော် ထင်သာမြင်သာသည့် ခိုးမှုဥပဒေပုဒ်မ အင်္ဂါရပ်နှင့် အကြုံးဝင်က ခိုးမှုဥပဒေပုဒ်မဖြင့် စွဲချက်တင်သည်။ ထင်သာမြင်သာသည့် အချက်အလက်သည် ဓားပြမှုပုဒ်မ အင်္ဂါရပ်နှင့် အကြုံးဝင်က ဓားပြမှုပုဒ်မဖြင့် စွဲချက်တင်သည်။

စွဲချက်အမိန့်ကို တရားရုံးက တရားခံရှေ့တွင် ချမှတ်ရသည်။ မည်သည့်ဥပဒေ၊ မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ကြောင်း အမိန့်တွင် ပါရှိသည်။

**အပြစ်ရှိ မရှိ**

စွဲချက်တင်သည့်အခါ တရားရုံးက စွဲချက်တင်သည့် ဥပဒေပုဒ်မအရ အပြစ်ရှိမရှိ တရားခံအား မေးသည်။ တရားခံက စွဲချက်တင်သည့် ဥပဒေပုဒ်မအရ အပြစ်ရှိကြောင်းဝန်ခံသော် အပြစ်ဒဏ်

သတ်မှတ်သည့် အပြီးသတ်အမိန့် ချမှတ်သည်။

စွဲချက်တင်သည့်ကိစ္စနှင့်စပ်လျဉ်း၍ အပြစ်မရှိကြောင်း တရားခံက ငြင်းဆိုသော် မည်သည့်အတွက်ကြောင့် အပြစ်မရှိဟု ငြင်းဆိုရကြောင်းကို ရုံးက ထပ်၍မေးမည်ဖြစ်သည်။ ထိုအခါ တရားခံက အပြစ်မရှိကြောင်းငြင်းဆိုသည့်အကြောင်းပြချက် လိုရင်းတစ်ရပ်ကို ဖြေကြားရန်လိုသည်။

"ကျွန်တော် ခိုးယူခြင်းမဟုတ်တဲ့အတွက် အပြစ်မရှိပါ"

"အခင်းဖြစ်ချိန်က ကျွန်တော် ခရီးလွန်နေပြီး အခင်းဖြစ်နေရာတွင် မရှိသောကြောင့် အပြစ်မရှိပါ"

စသည်ဖြင့် အကြောင်းပြချက်လိုရင်းတစ်ရပ်ကို ဖြေကြားရသည်။

## ပြန်ခေါ်သက်သေစစ်မေးရန် ဆန္ဒရှိ မရှိ

ထို့နောက် တရားရုံးက တရားလိုနှင့်တကွ တရားလိုပြသက်သေများကို စစ်ဆေးခဲ့ပြီးဖြစ်ရာ ၎င်းတို့အနက် မည်သည့်သက်သေကို ပြန်လည်ခေါ်ယူစစ်မေးလို မလို မေးမြန်းသည်။

စစ်ဆေးပြီး သက်သေများအနက် မိမိပြန်လည်မေးမြန်းလိုသည့် သက်သေအမည်ကို ပြောဆိုရသည်။ ထိုသို့ ပြန်လည်မေးမြန်းလိုသေးသည်ဆိုက ထိုသက်သေကို ပြန်ခေါ်ပေးသည်။ ပြန်လည်ခေါ်ယူစစ်ဆေးရန်မရှိသော် ပြန်ခေါ်သက်သေ မရှိကြောင်း တင်ပြရသည်။

## တရားခံပြသက်သေ

တစ်ဆက်တည်းမှာပင် တရားရုံးက တရားခံအား သက်သေပြမည့်သူ အမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ တို့ကိုမေးသည်။ တရားခံအနေဖြင့် မိမိအပြစ်မရှိကြောင်း ငြင်းဆိုထုချေမည့်အချက်နှင့်စပ်လျဉ်း၍ မိမိငြင်းဆိုထုချေချက်အပေါ် ထောက်ခံထွက်ဆိုပေးနိုင်မည့် သက်သေလူပုဂ္ဂိုလ်များစာရင်းကို တင်သွင်းရသည်။

**ပြန်ခေါ်သက်သေစစ်ဆေးခြင်း**

စစ်ဆေးခဲ့ပြီးဖြစ်သော်လည်း ထပ်မံမေးမြန်းရန်လိုအပ်သဖြင့်လည်းကောင်း၊ မေးရန်အချက်အလက်များ ကျန်ရှိနေသောကြောင့်လည်းကောင်း ပြန်ခေါ်သက်သေ ခေါ်ခြင်းဖြစ်သည်။ အမှန်တကယ်လိုအပ်မှလည်း ပြန်ခေါ်သက်သေ ခေါ်သင့်သည်။ မလိုအပ်ဘဲမေးလျှင်သော်လည်းကောင်း၊ အမေးမတတ်လျှင်သော်လည်းကောင်း အကျိုးမများဘဲ အကျိုးနည်းတတ်သည်။

ပြန်ခေါ်သက်သေကို စစ်ဆေးရာတွင် တရားခံက စတင်မေးမြန်းရသည်။ ပြန်လှန်မေးနည်းအတိုင်း စစ်မေးရသည်။

**တရားခံအား စစ်ဆေးခြင်း**

တရားခံအား စွဲချက်တင်၍ တရားခံက အပြစ်မရှိဟု ငြင်းဆိုသောအခါ ၎င်းအား စစ်ဆေးရန်ရှိပေသည်။

ပြန်ခေါ်သက်သေစစ်ဆေးပြီးသောအခါ သို့မဟုတ် စွဲချက်တင်ပြီးနောက် ပြန်ခေါ်သက်သေ စစ်ဆေးရန်မရှိသောအခါ တရားခံအား စစ်ဆေးရန် အလှည့်ဖြစ်ပေသည်။

တရားခံရှေ့နေရှိသော် ရှေ့နေက ၎င်းအား ဦးဆောင်၍ မေးမြန်းသည်။ တရားခံ ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်းအချက်များကို ထုချေဖြေရှင်းသွားရသည်။ အဓိကစစ်မေးနည်းအတိုင်း စစ်ဆေးသွားရသည်။

တရားခံရှေ့နေမရှိသော် မိမိဘာသာ ထွက်ဆိုချက်များ ပေးရသည်။ အမှုနှင့်စပ်ဆိုင်သည်လည်းဖြစ်သော၊ မိမိတင်ပြလို၊ ထုချေလိုသည့် အချက်အလက်များ၊ အထောက်အထားများကို ပြည့်ပြည့်စုံစုံတင်ပြရသည်။

တရားခံအနေဖြင့် ထွက်ဆိုချက်ပေးမည်ဆိုလျှင်

၁။ သက်သေအဖြစ် အစစ်ခံခြင်း

၂။ တရားခံအဖြစ် အစစ်ခံခြင်း

နှစ်ရပ်အနက် သင့်လျော်ရာ အစစ်ခံချက်ကို ပြုရသည်။

စွဲချက်တင်စဉ်ကတည်းက တရားရုံးက တရားခံအား မည်သည့်နည်းဖြင့် အစစ်အဆေးခံမည်နည်းဟု မေးလေ့ရှိသည်။ တရားခံက သက်သေအဖြစ် အစစ်ခံလိုသော် "သက်သေခံအဖြစ် အစစ်ခံပါမည်"ဟု ဖြေကြားရသည်။

**သက်သေအဖြစ် အစစ်ခံခြင်း**

တရားခံသည် သက်သေအဖြစ် အစစ်ခံသည်ရှိသော် မိမိစစ်ဆေးမှုပြီးသည့်နောက်တွင် တရားလိုဘက်မှ ပြန်လှန်မေးခွန်းမေးခွင့်ရပြီး ယင်းမေးခွန်းများကို ဖြေကြားရင်ဆိုင်ရမည်ဖြစ်သည်။

**တရားခံအဖြစ် အစစ်ခံခြင်း**

တရားခံသည် တရားခံအဖြစ် အစစ်ခံသော် တရားရုံးက မေးမြန်းသည့် မေးခွန်းကိုသာ ဖြေကြားရန်ရှိပြီး အခြားမည်သည့်ဘက်က မေးခွန်းများကိုမှ ရင်မဆိုင်ရသည့် အခြေအနေဖြစ်သည်။

**တရားခံပြသက်သေစစ်ဆေးခြင်း**

တရားခံစစ်ဆေးမှုပြီးဆုံးသောအခါ တရားခံပြသက်သေများကို စစ်ဆေးသည်။

အဓိကစစ်မေးခြင်း၊ ပြန်လှန်စစ်မေးခြင်းအတိုင်း စစ်ဆေးသည်။

တရားခံပြသက်သေများ ရုံးသို့လာရောက်ရန်မှာ တရားခံ၏ တာဝန်ဖြစ်သည်။ တရားခံပြသက်သေကို တရားခံက ပယ်နိုင်သည်။

တရားခံသက်သေရုံးသို့လာရောက်ရန် အကြိမ်ကြိမ်ပျက်ကွက်သော် ရုံးက အမှုတိုးတက်ရာ တိုးတက်ကြောင်းအတွက် ဆက်လက်ဆောင်ရွက်နိုင်သည်။

**အပြီးသတ်လျှောက်လဲချက်တင်သွင်းခြင်း**

သက်သေများ စစ်ဆေးမှုဆုံးခန်းတိုင်သောအခါ အပြီးသတ် အမိန့်ချမှတ်ရန်အဆင့်သို့ ရောက်ရှိသည်။ ထိုသို့ အပြီးသတ် အမိန့်မချမီ အမှုနှင့်ပတ်သက်၍ လျှောက်လဲချက် တင်သွင်းလိုက တင်သွင်းခွင့်ရှိသည်။

တရားလိုဘက်က လျှောက်လဲချက်တင်သွင်းရာတွင် တရားခံပြစ်မှုကျူးလွန်ကြောင်း မည်သည့်လိုပြသက်သေများက မည်သည့်အချက်များကို ထောက်ခံထွက်ဆိုချက်ပေးထားကြောင်း မည်သည့်သက်သေခံအထောက်အထားများက တရားခံ ပြစ်မှုကျူးလွန်သည်ကို ညွှန်ပြနေကြောင်း ယင်းအထောက်အထားများ၊ ထွက်ဆိုချက်များကို တရားခံဘက်က ထုချေဖြေရှင်းနိုင်မှုမရှိကြောင်း၊ ထို့ကြောင့် စွဲဆိုသော ဥပဒေပုဒ်မအရ အပြစ်ပေးရန်သာရှိကြောင်း စသဖြင့် အထောက်အထား အကိုးအကားများဖြင့် တင်သွင်းလျှောက်လဲရသည်။

တရားခံဘက်က လျှောက်လဲမည်ဆိုက လိုပြသက်သေများ၏ အစစ်ခံချက် ထွက်ဆိုချက်၊ တင်သွင်းထားသော သက်သေခံချက်များကို ကြည့်မည်ဆိုပါက တရားလို စွပ်စွဲထားသည့် အချက်ကို အခိုင်အမာ သက်သေ မထူနိုင်သည်ကို တွေ့ရကြောင်း၊ တရားလို၏ စွပ်စွဲချက်ကို မည်သည့်သက်သေခံချက်ကမှ အခိုင်အမာ ထောက်ခံထားမှုမရှိကြောင်း၊ တရားလိုဘက်မှ သက်သေပြရန် တာဝန်များ လစ်ဟင်းလျက်ရှိကြောင်း၊ အထောက်အထား သက်သေခံချက်များ ကွင်းဆက်ပြတ်လျက်ရှိကြောင်း၊ တရားခံပြသက်သေများနှင့် အထောက်အထားများအရ တရားခံ ပြစ်မှုကျူးလွန်မှုမရှိသည်မှာ ထင်ရှားကြောင်း၊ ထို့ကြောင့် အမှုမှ အပြီးသတ်တရားသေလွှတ်သင့်ကြောင်း၊ (သို့မဟုတ်) အကယ်၍ ရုံးတော်မှ တရားခံပြစ်မှုကျူးလွန်သည်ဟု သုံးသပ်သည့်တိုင် အပြစ်ဒဏ် သတ်မှတ်မည်ဆိုပါကလည်း သက်ညှာစွာ ပြစ်ဒဏ်သတ်မှတ်သင့်ကြောင်း စသည်ဖြင့် လျှောက်လဲရသည်။

# အခန်း(၆) စွဲချက်နှင့် စပ်လျဉ်း၍ ပြင်ဆင်မှုတင်သွင်းခြင်း

တရားခံအား စွဲချက်မတင်ဘဲ တရားရှင်လွှတ်သည်ကို တရားလိုဘက်မှ ကျေနပ်မှုမရှိပါက အထက်ရုံးသို့ပြင်ဆင်မှုတက်ရောက်ခွင့်ရှိသည်။

တရားခံအား စွဲချက်တင်သည်ပင်ဖြစ်သော်လည်း စွဲချက်တင်သော ဥပဒေပုဒ်မနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိလျှင်လည်း ပြင်ဆင်မှုတက်ရောက်နိုင်သည်ပင်ဖြစ်သည်။

တရားခံဘက်ကလည်း အလားတူ စွဲချက်တင်သည့် အတွက်ကြောင့်လည်းကောင်း၊ စွဲချက်တင်သည့် ဥပဒေပုဒ်မကို ကျေနပ်မှုမရှိသောကြောင့်လည်းကောင်း အထက်ရုံးသို့ ပြင်ဆင်မှုတက်ရောက်နိုင်သည်။

ပြင်ဆင်မှု တက်ရောက်လိုသော် ဦးစွာ ပထမစွဲချက်အမိန့်ကို တရားဝင်မိတ္တူကူးခွင့် လျှောက်ရသည်။ စွဲချက်အမိန့် မိတ္တူကူး ရရှိသောအခါ ပြင်ဆင်မှုလျှောက်လွှာနှင့်အတူ အထက်ရုံးတွင် တင်သွင်းရသည်။

အထက်ရုံးတွင် အမှုပေါ်သည့်အခါ အဆိုပါတရားရုံးရှေ့သို့ သွားရောက်ပြီး လျှောက်လဲပြောဆိုရသည်။ ပြင်ဆင်လွှာပါ အကြောင်းပြချက်များနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် လျှောက်လဲပြောဆိုရသည်။

အထက်ရုံးက လျှောက်လဲချက်များကို ကြားနာပြီးနောက် လျှောက်ထားချက်ကို သုံးသပ်ကာ အမိန့်ချမှတ်ပေးသည်။ ယင်းအမိန့်အတိုင်း အောက်ရုံးတွင် ဆက်လက်ဆောင်ရွက်ရသည်။

တရားခံအား စွဲချက်မတင်ဘဲ တရားရှင်လွှတ်လိုက်သည့်အတွက် တရားလိုက ကျေနပ်မှုမရှိသောကြောင့် ပြင်ဆင်မှု တက်ရောက်ပုံ နမူနာကို အောက်တွင်ဖော်ပြထားသည်။

**နမူနာပုံစံ (၅)**

**--------------------------တိုင်း တရားရုံးတော်**

**၁၉----ခုနှစ်၊ ပြစ်မှုပြင်ဆင်မှုအမှတ်**

ဦးတင်ဝင်း
(နေရပ်လိပ်စာ) ------------------------- လျှောက်ထားသူ

နှင့်

ဦးဘဝင်း
(နေရပ်လိပ်စာ) ------------------------ လျှောက်ထားခံရသူ

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၃၉)အရ ပြင်ဆင်မှုလျှောက်ထားခြင်း အမှုပြစ်အကျဉ်းချုပ်။**

၁။ --------------- မြို့နယ် တရားရုံးတွင် လျှောက်ထားသူက လျှောက်ထားခံရသူ တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုခဲ့ပါသည်။ ပြစ်မှုကြီးမှုအမှတ် ၅၅/၉၂ ဖြစ်ပါသည်။

၂။ စွဲဆိုရသည့်အကြောင်းမှာ လျှောက်ထားသူမှ ဝယ်ယူပိုင်ဆိုင်သော မော်တော်ကားကို လျှောက်ထားခံရသူသို့ အပ်နှံထားရာ လျှောက်ထားခံရသူက ဦးသိန်းဆိုသူသို့ ငွေ ၁၀၀၀၀၀၀ိ/-ကျပ်ဖြင့် ရောင်းချလိုက်

သည့်အတွက် ယုံကြည်အပ်နှံမှု ဖောက်ဖျက်သဖြင့် အရေးယူပေးပါရန် တရားစွဲဆိုခဲ့သောအမှု ဖြစ်ပါသည်။

၃။ အမှုကို စစ်ဆေးရာတွင် လျှောက်ထားသူအပါအဝင် လိုပြ သက်သေ(၅)ဦးကို စစ်ဆေးခဲ့ပြီးနောက် လျှောက်ထားခံသူအား တရားရှင် လွှတ်လိုက်ပါသည်။

------------ မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၅၅/၉၂ တွင် (၂၂၊ ၆၊ ၉၂)နေ့ချမှတ်သော တရားရှင်လွှတ်သည့်အမိန့်သည် ဥပဒေအရ မှားယွင်းနေပါသောကြောင့် အောက်ပါအကြောင်းပြချက်များအရ ပြင်ဆင်မှု တင်သွင်းအပ်ပါသည်။

**ပြင်ဆင်မှုအကြောင်းပြချက်များ**

၁။ ၂၂၊ ၆၊ ၉၂ အမိန့်တွင် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုနှင့် စွဲချက်တင်ရန်မခိုင်လုံ၍ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁) ဖြင့် တရားရှင်လွှတ်သည်ဟု အမိန့်ချမှတ်ရာတွင် ခိုင်လုံသော အထောက် အထားများ၊ သက်သေခံချက်များ ရှိပါလျက် ဆုံးဖြတ်ခြင်းမှာ မှားယွင်း ပါသည်။

> လျှောက်ထားသူ၏ တရားရုံးရှေ့ထွက်ဆိုချက်တွင် (ကားကို ဝယ်ယူပြီးနောက်တွင် တရားခံ လုပ်ကိုင် စားနိုင်ရေးအတွက် ပေးထားပါသည်။ တစ်နေ့တွင် တရားခံ နေအိမ်သို့ရောက်ရှိလာပြီး ကားပစ္စည်း ထုတ်ယူရန်အတွက် မော်တော်ကားလိုင်စင်စာအုပ်နှင့် မှတ်ပုံတင်ကို လာတောင်းသဖြင့် ထုတ်ပေးလိုက်ပါ သည်။ နောက်ပိုင်း စုံစမ်းကြည့်သောအခါ မော်တော် ကားကိုရောင်းပြီး ရှောင်ပုန်းနေကြောင်း သိရပါသည်)

ဟု ထွက်ဆိုထားပါလျက် တရားရှင်လွှတ်ခြင်းမှာ မှားယွင်းပါ သည်။

၂။ လိုပြသက်သေ ဦးကျော်သန်း၏ထွက်ချက်တွင်လည်း တရားလိုက တရားခံကို ၎င်း၏ကားအား ပေးမောင်းနေသည်ကို သိပါသည်ဟုလည်း ကောင်း၊ အခင်းဖြစ်ကားကို တရားခံက မအူကုန်းမှ ဦးသိန်းသို့ ၁၀၀၀၀၀ဝိ/-ကျပ်ဖြင့် ရောင်းလိုက်သည်ကို သိပါသည်ဟုလည်းကောင်း ထွက်ဆိုထားပါလျက် တရားရှင်လွှတ်ခြင်းမှာ မှားယွင်းပါသည်။

၃။ လိုပြသက်သေ ဦးကောက်၊ ဦးအေး၊ ဦးဘာဘာ တို့ကလည်း ဦးကျော်သန်းနည်းတူ သိရှိပါသည်ဟု ထွက်ဆိုထားသည်များ ပေါ်လွင်ပါလျက် တရားခံအား တရားရှင်လွှတ်ခြင်းမှာ ဥပဒေအရ မှားယွင်းပါသည်။

သို့ပါ၍

(၁) ဤပြင်ဆင်လွှာကို လက်ခံပေးတော်မူပါရန်၊

(၂) မူလရုံးအမှုတွဲကို တောင်းခေါ်ကြည့်ရှု စစ်ဆေးတော်မူပါရန်၊

(၃) လျှောက်လဲကြားနာတော်မူပါရန် နှင့်

(၄) မူလရုံးအမိန့်ကို ပယ်ဖျက်၍ စွဲဆိုသော ဥပဒေပုဒ်မအရ စွဲချက်တင် ဆက်လက် စစ်ဆေးရန် အမိန့် ချမှတ်တော်မူပါရန် လျှောက်ထား အပ်ပါသည်။

လေးစားစွာဖြင့်

၁၉၉၂ ခုနှစ်၊ ------------ လ၊ (     )ရက်

(လျှောက်ထားသူ)

အမည် -----------------------

လိပ်စာ ----------------------

**စွဲချက်ဆိုင်ရာ စီရင်ထုံးအချို့**

အမှု၏ အကြောင်းအချက်အားလုံးကို ခြုံ၍ကြည့်ရှုရာ တရားလိုသက်သေတွင် ကွဲလွဲခြင်းများ၊ ပျော့ကွက်များ ရှိနေသည်မှန်သော်လည်း စွဲချက်တင်၍ လျှောက်ထားသူအား ဆက်လက်စစ်ဆေးသင့်သော အခြေ

အနေကားရှိသည်ဟု ဆိုရပေမည်။ ဆက်လက်စစ်ဆေး၍ အချက်အလက် အစုံအလင် အမှုတွဲတွင် မှတ်တမ်းတင်ပြီးမှ ရုံးသည် ပြည့်စုံမှန်ကန်စွာ ဆုံးဖြတ်စီရင်နိုင်ပေလိမ့်မည်။ စွဲချက်ကို ပယ်ဖျက်ပေးရန်ဆိုလျှင် တရားလိုပြသက်သေများ၏ ထွက်ချက်တို့ကို ယုံကြည်လက်ခံစေဦးတော့ အစွပ်စွဲခံရသူသည် မည်သည့်ပြစ်မှု ကျူးလွန်ခဲ့သည်ဟု မပေါ်လွင်ရန်လိုသည်။ အစွပ်စွဲခံရသူက ဖြေရှင်းရန် အချက်အလက်များပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရမည်။

**(မောင်ဝင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆၊ ရုံးချုပ်၊ ၆၉၁)**

ပြစ်မှုဆိုင်ရာအမှုများနှင့် ပတ်သက်၍ တရားခံအပေါ်တွင် စွဲချက်တင်ခြင်းသည် အပြစ်ပေးခြင်းမဟုတ်ပေ။ တရားခံအား ဖြေရှင်းစေရန်အတွက်သာ ဖြစ်ပေသည်။ သို့ရာတွင် တရားခံအပေါ်တွင် ငြိစွန်းခြင်းမရှိသော ကိစ္စရပ်များနှင့် ဖြေရှင်းရန်မလိုအပ်သော ကိစ္စရပ်များကို စွဲချက်တင်၍ တရားခံအား ဖြေရှင်းစေမည်ဆိုလျှင်လည်း အချိန်ကုန်လူပင်ပန်းသာဖြစ်နိုင်ဖွယ်ရာရှိသည်။ တရားခံကလည်း မည်သို့မျှ ဖြေနိုင်စွမ်းမည်မဟုတ်ပေ။ **(ဗဟိုတရားရုံး၊ ၁၉၇၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၄၀(ခ)၊ ဦးမြင့်စိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ)**

## အခန်း(၇) အမှုမှ သက်သေခံပစ္စည်းလျှောက်ထားခြင်း

ပြစ်မှုနှင့်ဆိုင်သည့် သက်သေခံပစ္စည်းကို အမှုစစ်ဆေးနေဆဲ အချိန်အခါတွင် ထိန်းသိမ်းထားရန် တရားရုံးက သင့်လျော်သလို အမိန့်ချမှတ်ခွင့်ရှိသည်။ အမှုပြီးဆုံးသည့်အခါ၌ကား အဆိုပါပစ္စည်းကို ရထိုက်ခွင့်ရှိသည်ဟု ပြောဆိုတောင်းခံနေသူတစ်ယောက်အား ပြန်လည်ပေးအပ်ရန် တရားရုံးက အမိန့်ချမှတ်ရသည်။

သက်သေခံပစ္စည်းဆိုရာ၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုဟန်တူသည့် ပစ္စည်းသို့မဟုတ် ပြစ်မှုကျူးလွန်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းဖြစ်ရန်လိုသည်။ ထို့ပြင် အဆိုပါပစ္စည်းမှာ တရားရုံးရှေ့တွင် သက်သေခံပစ္စည်းအဖြစ် ရောက်ရှိလာရန်လိုပေသည်။ တရားရုံးရှေ့ သက်သေခံပစ္စည်းအဖြစ် ရောက်ရှိမလာသည့်ပစ္စည်းကို တရားရုံးက ထိန်းသိမ်းရန်သို့မဟုတ် ပြန်ပေးရန် အမိန့်ချမှတ်ခွင့်မရှိပေ။ ပြစ်မှုနှင့် မသက်ဆိုင်သည့်ပစ္စည်းကိုလည်း သက်သေခံပစ္စည်းအဖြစ် ရုံးသို့ တင်ပြရန်မလိုပေ။

ခိုးမှု၊ လုယက်မှု၊ ဓားပြမှု၊ ဖောက်ထွင်းမှု၊ လိမ်လည်မှု၊ အလွဲသုံးစားမှု စသည်တို့တွင် ရွှေ၊ ငွေ၊ နွား၊ လှည်း၊ မော်တော်ကား စသည့်

ပစ္စည်းများ သက်သေခံပစ္စည်းအဖြစ် ရုံးသို့ရောက်လေ့ရှိသည်။ ရွှေထည်များ အရည်ကျိုထားခြင်း၊ တစ်ဆင့်ရောင်းချခြင်း၊ ပစ္စည်းပုံသဏ္ဍာန် တစ်မျိုးဖြစ်နေခြင်း စသည့်ကိစ္စများနှင့် သဘောရိုးဖြင့် ဝယ်ယူထားသူများနှင့် မူလပစ္စည်းရှင်တို့အနက် မည်သူ့အား ပြန်ပေးရမည်ဆိုသည့် ပြဿနာမှာ များစွာစိတ်ဝင်စားဖွယ်ကောင်းသည့် ဥပဒေပြဿနာရပ်များ ဖြစ်ပေသည်။

အချင်းဖြစ်သော သက်သေခံပစ္စည်းနှင့် ပတ်သက်၍ ပြစ်မှုထမြောက်လျှင် ထိုသက်သေခံတင်ပြသောပစ္စည်းကို ပစ္စည်းတင်ပြသူထံသို့ ပြန်လည်ပေးအပ်ရန်ဖြစ်သည်။ သို့ရာတွင် အထူးအကြောင်းခြင်းရာရှိက ပြန်လည်ပေးအပ်ရန် မဟုတ်။ **(ဒေါ်ခင်စုပါ ၂ နှင့် အုန်းမောင်ပါ ၅၊ ၁၉၆၅၊ ရုံးချုပ်၊ ၆၂၀)**

လူတစ်ဦးတစ်ယောက် တရားဝင် ပိုင်ဆိုင်နေသည့် ပစ္စည်းကို ၎င်းပစ္စည်းနှင့်ပတ်သက်၍ လျှောက်ထားသူမှာ ပြစ်မှုရှိမရှိ မစစ်ဆေးမဆုံးဖြတ်ရသေးမီ ပစ္စည်းလက်မဲ့ဖြစ်သူတစ်ဦးအား ပိုင်ရှင်ဖြစ်သည်ဆိုစေဦး ပြန်လည်ပေးအပ်ခြင်းမှာ တရားမျှတခြင်းရှိသည်ဟု ယူဆရန်ခဲယဉ်းပေသည်။ အဘယ်ကြောင့်ဆိုသော် ပစ္စည်းပြန်လည်၍ လက်ရှိရယူလိုက ပိုင်ရှင်ဖြစ်လင့်ကစား တရားမလမ်းကြောင်းအရသာ တရားစွဲဆိုရယူရန် ဖြစ်သောကြောင့် ဖြစ်လေသည်။

**(ဒေါ်အေးမှင် နှင့် ဦးအောင်သိန်း၊ ၁၉၆၃၊ ရုံးချုပ်၊ ၇၉၂)**

ရာဇဝတ်မှုတစ်ခုတွင် သက်သေခံပစ္စည်းနှင့်ပတ်သက်၍ မည်သူ့ကို ပြန်ပေးရမည်ဆိုသောအချက်ကို ရာဇဝတ်ဥပဒေရှုထောင့်မှကြည့်လျှင် အကျဉ်းနည်းအားဖြင့်သာလျှင် သုံးသပ်ရန်ဖြစ်သည်။ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၇ တွင် ဥပဒေအရ လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးရမည်ဟု ဖော်ပြထားခြင်းနှင့်အညီ သက်သေခံဆင်ကို မူလရဲများသည် လျှောက်ထားသူထံမှ သိမ်းဆည်းပြီး အမှုတွင် လျှောက်သူသည် တရားသေလွှတ်ခြင်းခံရသဖြင့် ၎င်းသည် ထိုသက်သေခံဆင်ကို လက်ဝယ်ရရှိထိုက်သူဖြစ်သည့်အားလျော်စွာ ၎င်း၏လက်ဝယ်သို့ ပြန်

လည်ပေးအပ်ရမည်ဖြစ်သည်။ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ တရားမရုံး ကသာလျှင် အဆုံးအဖြတ်ပေးရမည်ဖြစ်သည်။

**(စောရွှေညွန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (ဦးပြိုင်)၊ ၁၉၆၇၊ ရုံးချုပ်၊ ၃၂၅)**

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆(က)အရ သက်သေခံပစ္စည်း များကို ရုံးသို့တင်ပို့ရမည်။ ရုံးကသာ ပစ္စည်းများကို မည်သူ့ထံတွင် သိမ်းဆည်းထားရမည်ဟု အမိန့်ချမှတ်နိုင်သည်။ ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၇(၁)(၄) အရ သက်သေခံပစ္စည်းများကို ပြစ်မှုမထင်ရှားလျှင် သိမ်းဆည်းခြင်းခံရသူအား ပြန်ပေးရန် တိတိကျကျ အမိန့်ချမှတ်ရမည်။

**(ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးမောင်မောင်၊ ၁၉၆၇၊ ရုံးချုပ်၊ ၄၈၀)**

အမှုအတောအတွင်း သက်သေခံပစ္စည်း ပြန်လည်ပေးအပ်ထား ပါရန် လျှောက်ထားသည့် လျှောက်လွှာနမူနာကို အောက်တွင် ဖော်ပြ ထားသည်။

**နမူနာပုံစံ(၆)**

**------------------------- မြို့နယ်တရားရုံး**
**၁၉--------ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် -------**

ဦးလှမောင် -------------------------- တရားလို
နှင့်
ဦးမောင်မောင် ----------------------- တရားခံ

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆ (က) အရ**
**သက်သေခံပစ္စည်း လျှောက်ထားခြင်း**

အထက်ပါ တရားလိုက အောက်ပါအတိုင်း
လျှောက်ထားအပ်ပါသည်။

၁။ အထက်ပါအမှုတွင် ရုံးတော်မှ အမှုနှင့်ပတ်သက်သော အောက် ဖယားပါပစ္စည်းများကို သက်သေခံအဖြစ်သိမ်းဆည်းထားပါသည်။

၂။ ထိုပစ္စည်းများမှာ တရားလို၏ပစ္စည်းများဖြစ်ပြီး တရားခံမှ ခိုးယူသွားသောပစ္စည်းများ ဖြစ်ပါသည်။

၃။ အဆိုပါပစ္စည်းများကို အမှုအတွင်း ပြန်လည်ထုတ်ပေးပါရန်နှင့် အမှုမပြီးမချင်း ထိန်းသိမ်းထားမည်ဖြစ်ကြောင်းနှင့် ရုံးတော်မှ လိုအပ်၍ ခေါ်ယူသည့်အခါတွင် တင်ပြမည်ဖြစ်ကြောင်း ဝန်ခံချက်ပြု၍ လျှောက်ထားအပ်ပါသည်။

**ပစ္စည်းစာရင်း**

၁။ တစ်ကျပ်သားရှိ ရွှေဆွဲကြိုးတစ်ကုံး

၂။ ဆီကိုနာရီ ယောကျ်ားပတ်တစ်လုံး

(လျှောက်ထားသူ)

# အခန်း(၈) သက်သေပြရန်တာဝန်နှင့် သံသယအကျိုး

**သက်သေပြရန်တာဝန်**

တရားခံသည် စွပ်စွဲသည့်ပြစ်မှုကို ကျူးလွန်ကြောင်း သက်သေပြရန် တာဝန်မှာ တရားလိုအပေါ်၌ အစဉ်တစိုက် တည်ရှိသည်။ တရားခံတစ်ဦးသည် ပြစ်မှုကျူးလွန်သည်ဟု တရားရုံးမှ စီရင်ဆုံးဖြတ်ခြင်း မပြုသမျှ အပြစ်မဲ့သူအဖြစ် ယူဆရမည်ဖြစ်သည်။

ရာဇဝတ်မှုများတွင် တရားလိုဘက်မှ တရားခံသည် ထို ပြစ်မှုထင်ရှား ကျူးလွန်ခဲ့ကြောင်း သက်သေထူရန် တာဝန်ရှိသည်။

**(ဒေါ်စီစီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၄၊ ရုံးချုပ်၊ ၈၇၆)**

တရားခံသည် အပြစ်ရှိကြောင်း တရားလိုဘက်မှ သက်သေပြရန် တာဝန်ရှိသည်။ တရားခံဘက်မှပြသည့် သက်သေခံချက်၏ အားနည်းမှုကို အသုံးပြုပြီး တရားလိုဘက်မှ သက်သေပြရန် ကျန်နေသည့် ဟာကွက်ပျော့ကွက်ကို ဖြည့်စွက်၍ မရပေ။

**(ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးအေးကြည်၊ ၁၉၆၄၊ ရုံးချုပ်၊ ၃၉၆)**

တရားလိုဘက်က စွပ်စွဲပြီးလျှင် တာဝန်ကျေပွန်ပြီးဆုံးပြီ၊ စွပ်စွဲခံရသူက မဟုတ်လျှင် ခိုင်လုံစွာ ချေပရမည်ဟု တာဝန်ပခုံးပြောင်းလျှင် မရချေ။ ပြည့်စုံစွာ စုံစမ်း၍ ခိုင်လုံစွာ သက်သေထူရန် တာဝန်မှာ ယေဘုယျအားဖြင့် တရားလိုပေါ်တွင် တည်နေသည်။ ဤသို့သာမဟုတ်လျှင် မသမာသူတို့က လွယ်လွယ်စွပ်စွဲကာ အပြစ်မဲ့သောသူတို့က ခုခံချေပရခြင်းဖြင့် ပင်ပန်းဆင်းရဲရှိကြလိမ့်မည်။

**(မောင်ကြီးမောင်ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၈ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ ၅၂)**

## သံသယအကျိုး

ပြစ်မှုများကို စစ်ဆေးစီရင်ဆုံးဖြတ်ရာ၌ တရားရုံးများက လိုက်နာရမည့် အခြေခံမူများ ရှိပေသည်။ တရားခံတစ်ဦးတစ်ယောက်သည် စွပ်စွဲသည့်ပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားအောင် သက်သေပြရန်တာဝန်မှာ တရားလိုဘက်၌ ထာဝစဉ်ရှိ၍ တရားခံက ကင်းလွတ်မြဲအချက်များကို တင်ပြခုခံလာမှသာလျှင် တရားခံဘက်က ထင်ရှားအောင် သက်သေပြရန်တာဝန် ရှိပေသည်။

တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားအောင် သက်သေမပြနိုင်သရွေ့ တရားခံသည် အပြစ်မဲ့သူဟူ၍ တရားရုံးက မှတ်ယူရပေသည်။ အကယ်၍ တရားခံသည် စွပ်စွဲသည့်ပြစ်မှုကို အမှန်တကယ်ကျူးလွန်သူ ဟုတ်မဟုတ်ဆိုသည့်အချက်တွင် ဒွိဟသံသယဖြစ်ဖွယ်ရှိပါက ယင်းသံသယ၏အကျိုးကို တရားခံအား ပေးရပေသည်။

"သံသယအကျိုး" စကားရပ်ကို ဆောင်ပုဒ်သဖွယ်မသုံးဘဲ အမှုတွင် ပေါ်ပေါက်သော အထောက်အထားတို့ကို ချိန်ဆ၍ အမှန်တရားကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေသော လမ်းညွှန်တစ်ရပ်မျှသာဖြစ်စေရန်လိုပေသည်။ သံသယသည် လွယ်လွယ်ဖြစ်စေသော လမ်းညွှန်တစ်ရပ်မျှသာဖြစ်စေရန် လိုပေသည်။ သံသယသည် လွယ်လွယ်ဖြစ်တတ်သော သံသယ မဟုတ်ရ၊  မည်သည့်အရာမျိုး၌မဆို ဒွိဟအုပ်ဖုံးတတ်

သော စိတ်တွင်ဖြစ်ပေါ်သည့် သံသယလည်း မဖြစ်စေရ။ ဖြစ်တတ်သော သဘာဝနှင့် နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သော သံသယမျိုးကိုသာ ဆိုလိုပေလိမ့်မည်။ **(ဒေါ်တင်ဦးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ အထူးရာဇဝတ်ရုံး၊ အယူခံအဖွဲ့ (၁၉၆၅-၁၉၇၀) ၉၄၊)**

ရာဇဝတ်မှု ကျူးလွန်သည်ဟု ထင်ကြေးဖြင့် ဆုံးဖြတ်ခြင်း မပြုအပ်၊ ခိုင်လုံသော အထောက်အထားများရှိရမည်ဟု အခါခါဆိုခဲ့ပြီး၊ "သံသယ၏အကျိုးကို တရားခံအားပေးရမည်" ဟု ဆိုမည့်အစား ထင်ကြေးနှင့် အပြစ်မပေးသင့်၊ ခိုင်လုံသော အထောက်အထား ပြည့်စုံမှသာ အပြစ်ပေးရမည်ဟုဆိုလျှင် တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟု ယူဆသည်။ **(ဗိုလ်မှူးဝင်းဖေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ အထူးရာဇဝတ် အယူခံအဖွဲ့ စီရင်ထုံးများ၊ ၁၉၆၅-၇၀၊ ၂၉၉)**

## အခန်း(၉) အပြီးသတ်ချမှတ်သော အမိန့်ကို အယူခံ/ပြင်ဆင်မှု တင်သွင်းခြင်း

**ပြစ်ဒဏ်တိုးမြှင့်ရေး**

အမှု၏ အပြီးသတ်အမိန့်ချမှတ်ရာတွင် တရားခံအား သတ်မှတ်သော အပြစ်ဒဏ်သည် လျော့နည်းပေါ့လျော့လွန်းသည်ဟု တရားလိုဘက်မှ ထင်မြင်ယူဆပါက ပြစ်ဒဏ်တိုးမြှင့်သတ်မှတ်ပေးပါရန် အထက်ရုံးသို့ အယူခံတက်ရောက်ခွင့်ရှိသည်။ **(ကျင့်ထုံးပုဒ်မ ၄၃၉ (၂) )**

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၃၉(၂) အရ တရားခံတစ်ဦးအပေါ် ၎င်း၏အကျိုးကို ထိခိုက်နစ်နာစေမည့်အမိန့်ကို မချမှတ်မီ ၎င်းအား ကိုယ်တိုင်သော်လည်းကောင်း၊ ရှေ့နေရှေ့ရပ်နှင့်သော်လည်းကောင်း ကြားနာရန် အခွင့်ပေးရမည်ဖြစ်သည်။ ယင်းသို့ အခွင့်မပေးဘဲ တစ်ဖက်သတ် ကြားနာကာ တရားခံ၏အကျိုးကို ဆန့်ကျင်သည့်အမိန့်ကို ချမှတ်ခဲ့လျှင် ထိုအမိန့်သည် အဆိုပါပြဋ္ဌာန်းချက်အား ချိုးဖောက်ရာရောက်သဖြင့် တရားဝင်အမိန့်ဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ တရားခံတစ်ဦးအပေါ် ကြားနာရန်ခွင့်ပြုပြီးမှသာ ပြစ်ဒဏ်ကို တိုးမြှင့်ပေးရမည်ဟု ဥပဒေ

က အတိအလင်း သတ်မှတ်ထားသည့်ကိစ္စတွင် ဥပဒေပါသတ်မှတ်ချက်ကို မလိုက်နာဘဲ အမိန့်ချမှတ်ပါက ထိုအမိန့်သည် စီရင်ပိုင်ခွင့်အာဏာ အတွင်းချမှတ်သည့် အမိန့်ဟု မဆိုနိုင်ချေ။ **(မောင်ရွှေဝင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ၊ ၁၉၆၆၊ ရုံးချုပ်၊ ၁၄၈၂)**

**ပြစ်ဒဏ်တိုးမြှင့်ပေးရန် ပြင်ဆင်မှုလျှောက်ထားသည့် လျှောက်လွှာ နမူနာပုံစံကို အောက်တွင်ဖော်ပြထားသည်။**

**နမူနာပုံစံ(၆)**

**-------------------------- မြို့နယ်တရားရုံး**

**၁၉------ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် -----**

ဦးမောင်လှ
လိပ်စာ -------------------------- လျှောက်ထားသူ

နှင့်

ဦးဝင်း
လိပ်စာ -------------------------- လျှောက်ထားခံရသူ

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၂) အရ**
**ပြစ်ဒဏ်တိုးမြှင့်ပေးရန် ပြင်ဆင်မှုလျှောက်ထားခြင်း**

အထက်ပါ လျှောက်ထားသူက အောက်ပါ အတိုင်း လျှောက်ထားသည်မှာ-

**အမှုဖြစ်အကျဉ်း**

----------- မြို့နယ်တရားရုံး၏ ပြစ်မှုကြီးမှုအမှတ် ၉/၉၂ တွင် လျှောက်ထားသူက တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ ဖြင့် ဦးတိုက်လျှောက်ထား တရားစွဲဆိုပြီး နှစ်ဘက်သက်သေများအား စစ်ဆေးကာ ၁၅၊ ၅၊ ၉၂ နေ့က တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ ဒဏ်ငွေ ၂၀ ကျပ်နှင့် တရားရုံး

ရွှေ့ရှိလမ်းကို မြေဖို့ရန် ချမှတ်သောအမိန့်မှာ ပြစ်ဒဏ်နည်းလွန်းသဖြင့် ပြင်ဆင်မှုတင်သွင်းရခြင်း ဖြစ်ပါသည်။

**အကြောင်းပြချက်များ**

၁။ သက်သေခံ(င) ဆေးစာအရ လျှောက်ထားသူ၏ နဖူးတွင် ဖူးယောင် ဒဏ်ရာတစ်ခု၊ ယာဘက်လက်မောင်းတွင် ပွန်းပဲ့ဒဏ်ရာတစ်ခု၊ ဘယ်ခြေဖမိုးတွင် ညိုမည်းဒဏ်ရာတစ်ခုရရှိပြီး တုံးသောလက်နက်ဖြင့် သာမန်ဒဏ်ရာဟု ဖော်ပြထားပါလျက် ရရှိသောဒဏ်ရာနှင့် ပြစ်ဒဏ်မှာ မမျှဘဲ လွန်စွာနည်းနေပါသည်။

၂။ ရုံးရှေ့ရှိလမ်းကို မြေဖို့ရန်ချမှတ်သော အမိန့်မှာလည်း ဥပဒေပြဋ္ဌာန်းချက်မရှိဘဲချမှတ်ထားသဖြင့် ဥပဒေအရ မှားယွင်းပါသည်။

သို့ပါ၍

(၁) ဤလျှောက်လွှာကို လက်ခံပေးတော်မူပါရန်၊

(၂) မူလရုံးအမှုတွဲဟောင်း ခေါ်ကြည့်တော်မူပါရန်၊

(၃) နှစ်ဘက်လျှောက်လဲချက်ကို ကြားနာတော်မူပါရန်၊

(၄) မူလရုံးအမိန့်ကို ပယ်ဖျက်၍ ထောင်ဒဏ်သတ်မှတ်ပေးတော်မူပါရန်၊ ဒဏ်ငွေတိုးမြှင့်ချမှတ်ပြီး ဒဏ်ငွေမှ လျှောက်ထားသူကုသကုန်ကျခဲ့သော ဆေးဖိုးဝါးခအတွက် လျော်ကြေးချမှတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

၁၉---ခုနှစ်၊ ------------------လ၊ (      )ရက်

(လျှောက်ထားသူ)

**တရားသေလွှတ်သည်ကို အယူခံခြင်း**

အမှု၏ အပြီးသတ်အမိန့် ချမှတ်ရာတွင် တရားခံအား အပြစ်မရှိဟု သုံးသပ်ကာ အမှုမှ အပြီးအပြတ် လွှတ်သည်များလည်းရှိ၏။ ထိုသို့လွှတ်သည်ကို တရားသေလွှတ်သည်ဟု ခေါ်သည်။

တရားခံအား တရားသေလွတ်သည့်အတွက် တရားလိုဘက်က ကျေနပ်မှုမရှိသော် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ အရ ဆောင်ရွက်ရသည်။ မကျေနပ်သူက ပုဂ္ဂိုလ်အနေဖြင့် အဆင့်မြင့်သော တရားရုံးသို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတင်သွင်းခွင့် မရှိ။ တရားသေလွှတ်သည့်အမိန့်နှင့် ပတ်သက်၍ မကျေနပ်၍ အယူခံဝင်လိုလျှင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဆိုသည့် နည်းလမ်းများကို ဗဟိုရုံးစာအမှတ် ၅၅/၀၅/၁(၂)/၇၄ နေ့စွဲ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက် အမှာစာတွင် ညွှန်ကြားထားသည်။

ယင်းအမှာစာအရ တရားသေလွှတ်သည့် အမိန့်ကို မကျေနပ်၍ အယူခံဝင်ရောက်လိုလျှင် သက်ဆိုင်ရာ မြို့နယ်ဥပဒေရုံးသို့ လျှောက်ထားရသည်။

ကာလစည်းကမ်းသတ်အပိုဒ် ၁၅၇ အရ တရားသေအမိန့်ကို အမိန့်ချမှတ်သောနေ့မှ (၆)လအတွင်း အယူခံနိုင်ကြောင်း ပြဋ္ဌာန်းထားသော်လည်း ဥပဒေရုံးအဆင့်ဆင့်မှ တင်ပြရာတွင် အချိန်နှောင့်နှေးကြန့်ကြာမှု မရှိစေရန်အတွက် တရားသေလွှတ်အမိန့်ကို ချမှတ်သောနေ့မှ (၁၅)ရက်အတွင်း မကျေနပ်သူက အယူခံလွှာကို သက်ဆိုင်ရာ ဥပဒေရုံးသို့ တင်သွင်းရသည်။

တရားသေလွှတ်မိန့် အယူခံပေးရန် လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပါရှိရမည်။

၁။ သက်ဆိုင်ရာ ဥပဒေရုံးသို့ တင်သွင်းသော လျှောက်လွှာတွင် ရုံးခွန် ၅ ကျပ် ထမ်းဆောင်ရသည်။ (လျှောက်ထားသူမှာ နစ်နာသောအဖွဲ့အစည်း၊ သို့မဟုတ် ဌာနဆိုင်ရာဖြစ်ပါက ရုံးခွန်ထမ်းဆောင်ရန် မလိုပါ။)

၂။ မည်သည့်အတွက် အယူခံဝင်သင့်ကြောင်း အကျိုးအကြောင်း ဖော်ပြချက်၊

၃။ တရားသေလွှတ်သော အမှုတွဲမှ အောက်ပါတို့ကို ပူးတွဲတင်ပြရန် လိုသည်။

(က) တရားရုံး၏ အမိန့် စီရင်ချက်၊ ဆုံးဖြတ်ချက်မိတ္တူမှန်၊
(ခ) တိုင်ချက်၊ သို့မဟုတ် ဦးတိုက်လျှောက်လွှာမိတ္တူ၊
(ဂ) လျှောက်ထားသူက လိုအပ်သည်ဟု ထင်မြင်သော အရေးကြီးသည့် သက်သေထွက်ချက်များကို မှန်ကန်ကြောင်း သက်သေခံ လက်မှတ်ရေးထိုးထားသော မိတ္တူ။

## ပြစ်ဒဏ်ချမှတ်ခြင်းကို ပယ်ဖျက်ပေးရန် အယူခံခြင်း

အပြစ်ဒဏ် သတ်မှတ်သည်ကို တရားခံက ကျေနပ်မှုမရှိသော် အယူခံ တက်ရောက်နိုင်သည်။ အပြစ်ဒဏ်ပေးထားခြင်းမှ ကွင်းလုံးကျွတ် လွှတ်ပေးပါရန် လျှောက်ထားနိုင်သကဲ့သို့ ပေးထားသော ပြစ်ဒဏ်ကို သက်ညှာစွာ လျော့ပေါ့ပေးရန်လည်း လျှောက်ထားနိုင်သည်။

အောက်တွင် နမူနာပုံစံ ဖော်ပြထားသည်။

**နမူနာပုံစံ(၆)**

**------------------------- တိုင်းတရားရုံး**

**၁၉------ခုနှစ်၊ ပြစ်မှုအယူခံမှုအမှတ် -------**

ဦးညာကြီး
လိပ်စာ ------------------------- အယူခံတရားလို

နှင့်

ဦးသန်းချစ်
လိပ်စာ ------------------------- အယူခံတရားခံ

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၈ အရ**
**အယူခံမှုလျှောက်ထားခြင်း**

အထက်ပါ အယူခံတရားလိုက
အယူခံတင်သွင်းအပ်ပါသည်။

**အမှုဖြစ်အကျဉ်း**

အယူခံတရားလိုသည် (၁၇၊ ၁၊ ၇၈) နေ့ရက်က အယူခံတရားခံနေအိမ်သို့ ရောက်ရှိလာပြီး အယူခံတရားခံပိုင် ရွှေလက်ကောက်တစ်ရံ၊ ရွှေချိန် နှစ်ကျပ်သား၊ နီလာတာပတာ ၂၄ လုံးပါ နီလာဂေါ်ကြိုးလက်စွပ် တစ်ကွင်းတို့ကို ရောင်းပေးမည်ဟု ပြောဆိုရယူသွားခဲ့ပြီး ပြန်မပေးဘဲ နေသောကြောင့်ဟုဆိုကာ ----- ရဲစခန်းတွင် တိုင်ချက်ဖွင့် အရေးယူခဲ့သောအမှုဖြစ်သည်။

တရားလိုနှင့် လိုပြသက်သေများကို စစ်ဆေးပြီးနောက်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့် စွဲချက်တင်ခဲ့ပါသည်။ တရားခံဘက်မှ သက်သေပြ၍ထုချေခဲ့သော်လည်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်ဆိုကာ ထောင်ဒဏ်တစ်ရက်နှင့်ဒဏ်ငွေ ၇၀၀၀၀ိ/- ကျခံစေ၊ မဆောင်က ထောင်တစ်နှစ်နှင့်ခြောက်လ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ ဒဏ်ငွေ ၇၀၀၀၀ိ/-အနက် ၅၀၀၀၀ိ/- ကျပ်ကို နစ်နာသူတရားလိုအားပေး၍ ၂၀၀၀၀ိ/-ကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့ပါသည်။

ထိုအမိန့်ကို မကျေနပ်ပါသောကြောင့်
အောက်ပါအကြောင်းပြချက်များအရ
အယူခံတင်သွင်းအပ်ပါသည်။

**အယူခံအကြောင်းပြချက်များ**

၁။ တရားလိုသည် တရားခံက လိမ်လည်ပြီး ပစ္စည်းတစ်စုံတစ်ရာကို ပေးအပ်စေရန် သွေးဆောင်ခဲ့ကြောင်း ခိုင်လုံစွာ သက်သေမထူနိုင်ပါဘဲနှင့် တရားခံအား အပြစ်ပေးခြင်းသည် မှားယွင်းပါသည်။

၂။ အပ်နှံထားသောပစ္စည်းကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုမှုသာ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုနိုင်ပါသည်။ ယင်းအချက်ကို မူလရုံးက လျစ်လျူရှု ဆုံးဖြတ်ထားခြင်းမှာ အကြောင်းခြင်းရာအရ မှားယွင်းပါသည်။

၃။ ပစ္စည်းများနှင့်ပတ်သက်၍ တာဝန်ရှိသည်ဟု ဝန်ခံရုံမျှဖြင့် ပြစ်မှုကြောင်းအရ အပြစ်ရှိသည်ဟု သုံးသပ်ခြင်းမှာ မှားယွင်းပါသည်။

၄။ တရားခံသည် တရားလို၏ပစ္စည်းများ ရယူစဉ်က လိမ်လည်လှည့်ဖြားပြီး မရိုးမဖြောင့်သောသဘောနှင့် ရယူကြောင်း မထင်ရှားပါဘဲနှင့် အပြစ်ပေးခြင်းသည် မှားယွင်းပါသည်။

သို့ပါ၍

(၁) အယူခံလွှာကို လက်ခံကြားနာပါရန်၊

(၂) မူလရုံးအမိန့်ကို ပယ်ဖျက်ပေးပါရန်၊

(၃) အယူခံတရားလိုအား အမှုမှ တရားသေလွှတ်ပေးတော်မူပါရန် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

၁၉---ခုနှစ်၊ --------------လ၊ (       )ရက်

(အယူခံတရားလို)

# အခန်း(၁၀) စောင့်ထိန်းလိုက်နာရမည့် အချက်များ

**ရုံးချိန်းလာရောက်ခြင်း**

တရားရုံး၏ ဆင့်ခေါ်စာ(သမ္မာန်စာ) ရရှိပါက ယင်းဆင့်ခေါ်စာတွင်ပါသည့် နေ့ရက်၊ အချိန်တွင် ဆင့်ခေါ်ရာ တရားရုံးသို့ သွားရောက်ရသည်။

ရဲအရေးပိုင်သောအမှုများတွင် အမှု၏တရားလိုဖြစ်စေ၊ တရားလိုပြသက်သေဖြစ်စေ တရားရုံးမှ ဆင့်ခေါ်လျှင် အကြောင်းမဲ့ မပျက်ကွက်သင့်၊ မလေးမစား ပျက်ကွက်သော ဝရမ်းထုတ်ဆင့်ခြင်း ခံရနိုင်သည်။

ရဲအရေးပိုင်သောအမှုများတွင် တရားလိုသည် တရားရုံးမှ ချိန်းဆိုသော ရုံးချိန်းရက်တိုင်းတွင် သွားရောက်ရန်မလိုပေ။ ရဲအရေးမပိုင်သောအမှု (သို့မဟုတ်) ဦးတိုက်လျှောက်ထား တရားစွဲဆိုသောအမှုတွင်မူ တရားလိုသည် ရုံးချိန်းရက်တိုင်း ကိုယ်တိုင်သွားရောက်ရန် လိုပေသည်။

တရားခံများအဖို့ တရားရုံးမှ ချိန်းဆိုသော ရုံးချိန်းရက်တိုင်းတွင် မပျက်မကွက် သွားရောက်ရန်လိုသည်။ ချိန်းဆိုသော အချိန်အတိုင်းလည်း သွားရောက်ရသည်။

အကယ်၍ မလွှဲမရှောင်သာသော အရေးကြီးငယ်ကိစ္စရှိပါက ခွင့်တင်ရသည်။ အရေးကြီးငယ်ကိစ္စဆိုရာ၌ ကျန်းမာရေးအခြေအနေ၊ နာရေးကိစ္စကို ဆိုလိုသည်။

ရုံးချိန်းရက်တွင် ခရီးလွန်နေသည်ဟူသော အကြောင်းပြချက်မျိုး မပြုသင့်။ ယင်းကဲ့သို့သော အကြောင်းပြချက်မျိုးကို ရုံးက ခွင့်ပြုမည် မဟုတ်ပေ။

တရားခံဖြစ်သော်လည်း ရုံးချိန်းရက်များတွင် လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ပေးနိုင်သည့် ဥပဒေပုဒ်မတစ်ရပ်လည်းရှိသည်။ ပြစ်မှုကျင့်ထုံးဥပဒေပုဒ်မ ၂၀၅ ဖြစ်သည်။

ယင်းဥပဒေပုဒ်မအရ တရားခံကိုယ်တိုင်လာစေခြင်းမှ ကင်းလွတ်အောင် ခွင့်ပြုရန် အကြောင်းထင်မြင်က ကိုယ်တိုင်မလာရောက်ရန် ကင်းလွတ်ခွင့်ပြု၍ ၎င်း၏ရှေ့နေကိုသာ လာစေရန် ခွင့်ပြုနိုင်သည်။

စွဲဆိုသော ပြစ်မှုအမျိုးအစား၊ တရားခံ၏ အသက်အရွယ်၊ ကျားမ သဘာဝအခြေအနေ စသည်တို့ကိုထောက်၍ ရုံးကခွင့်ပြုနိုင်သည်။

## မထေမဲ့မြင် မပြုသင့်

တရားခွင်သို့ ဝင်ရာတွင် လေးလေးစားစားရှိအပ်သည်။ မခိုးမခန့် မလေးမစား မပြုအပ်။ ဝတ်စားရာတွင်လည်း သပ်သပ်ရပ်ရပ် ဝတ်စားသင့်သည်။

ရုံးတော်ကို မလေးမစား မထေမဲ့မြင်ပြုသော် မထေမဲ့မြင်ပြုမှုဖြင့် အရေးယူခြင်း ခံရနိုင်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ ၄၈၀ ပါ အချက်များကိုလည်း သတိပြုသင့်သည်။ ရာဇသတ်ပုဒ်မ ၁၇၅၊ ၁၇၈၊ ၁၇၉၊ ၁၈၀ သို့မဟုတ် ၂၂၈ ပါ ပြစ်မှုများကို မည်သည့်တရားမ ရာဇဝတ်(သို့) အခွန်ရုံးရှေ့တွင်မဆို ဖြစ်စေ၊ ၎င်းရုံး မြင်သာသည့်နေရာတွင်ဖြစ်စေ ကျူးလွန်က ၎င်းကျူးလွန်သူအား အချုပ်တွင် ချထားနိုင်သည်။ ၎င်းနေ့ ရုံးမဆင်းမီ မည်သည့်အချိန်တွင်မဆို သင့်သည်ထင်က ၎င်းပြစ်မှုကို အရေးယူပြီး ကျူးလွန်

သူအပေါ် ကျပ်ငွေ ၂၀၀ ထက်မပိုသော ဒဏ်ငွေ၊ ငွေဒဏ်မဆောင် ပျက်ကွက်က ဒဏ်ငွေမပေးမီ တစ်လအထိ အလုပ်မဲ့ ထောင်ဒဏ်စီရင်နိုင်သည်။

ပုဒ်မ ၁၇၅ - ပြည်သူ့ဝန်ထမ်း စာတမ်းအမှတ်အသား တင်ပြရန် ဥပဒေနှင့်အညီ တာဝန်ရှိသူက တင်မပြဘဲ ပျက်ကွက်ခြင်း၊

ပုဒ်မ ၁၇၈ - ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုစေရန် ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျ ခိုင်းသည်ကို ငြင်းပယ်ခြင်း၊

ပုဒ်မ ၁၇၉ - မေးပိုင်သည့် ပြည်သူ့ဝန်ထမ်းက မေးသည်ကို ဖြေဆိုရန် ငြင်းပယ်ခြင်း၊

ပုဒ်မ ၁၈၀ - ထွက်ဆိုချက်ကို လက်မှတ်ထိုးရန် ငြင်းပယ်ခြင်း၊

ပုဒ်မ ၂၂၈ - တရားစီရင်မှု ဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကို တမင်စော်ကားခြင်း၊ သို့တည်းမဟုတ် ဝင်ရောက်နှောင့်ယှက်ခြင်း၊

## လာဘ်ပေးလာဘ်ယူရှောင်ကြဉ်

တံစိုးလက်ဆောင်ပေးယူခြင်းနှင့် အဂတိလိုက်စားခြင်းများကို တားမြစ်ရန်အတွက် ပိုမိုထိရောက်သော ပြဋ္ဌာန်းချက်များပြုလုပ်ရန် လိုအပ်သည်ဖြစ်၍ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေကို ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။

လာဘ်ပေးလာဘ်ယူသည့်အမှုတွင် ပေးသူရော ယူသူပါ အပြစ်ကင်းသည်မဟုတ်။

**(ဦးအေးသွင်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆၊ အထူးရာဇဝတ်အယူခံအမှု ၆)**

ပေးသူအချို့ကလည်း ပေါ့ပေါ့လွယ်လွယ်နှင့် ပေးတတ်ကြသည်။ ပေးသူနှင့်ယူသူ၊ ဖျက်သူနှင့်ပျက်သူ တစ်ဦးကိုတစ်ဦး မှီခိုနေကြသည်သာ ဖြစ်သည်။ ထို့ကြောင့် ပညာပေးပြုပြင်ရန် များစွာလိုနေသေးသည်။

**(ဦးလှညွှန့်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆၊ အထူးရာဇဝတ်အယူခံအမှု ၂၃)**

လာဘ်ပေးလာဘ်ယူကိစ္စများတွင် ပေးသူရှိ၍လည်း ယူသူရှိတတ်သည်။ နှစ်ဘက်ကျေနပ်သင့်မြတ်နေကြလျှင် အမှုမပေါ်၊ ပေးသူက မကျေနပ်၍ တိုင်တန်းမှ အမှုပေါ်တတ်သည်။ လက်ပူးလက်ကြပ်မိရန် ဆိုလျှင်လည်း ကြိုတင်ပြင်ဆင်၍ ဖမ်းရပြန်သည်။ ပေးစဉ်က ကျေနပ်စွာပေး၍ လိုတာမရသောအခါမှ လာရောက်သတင်းပေးသူ ထိုသူအကူအညီဖြင့် ဖမ်းဆီးရခြင်းသည် မနှစ်မြို့ဖွယ်ထဲမှပင် အဖြစ်မှန်ကို ရှာဖွေရမည်ဖြစ်သည်။ မတော်မတရား လည်ဆည်၍ အမှုဆင်ခြင်းဖြစ်သည်ကို တွေ့ရလျှင် စွပ်စွဲခံရသူကို လွတ်ကင်း၍ ဒုက္ခငြိမ်းစေကာ မတရားစွပ်စွဲသူကိုပင် သင့်တော်သလို အရေးယူရမည်။

**(ဦးဂနေဆင်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၇၆၊ အထူးရာဇဝတ်အယူခံအမှု ၃၆)**

လာဘ်ငွေကို တောင်းသူကတောင်းသဖြင့် အတောင်းခံရသူက သက်ဆိုင်ရာသို့ သွားရောက်တိုင်တန်းလျှင်ကား ထိုတိုင်တန်းသူကို ကြံရာပါဟု မဆိုသာပြီ။ ဤအမှုမှာကဲ့သို့ ထောင်၍ဖမ်းခြင်းမျိုး၌ ပါဝင်ကြသော သက်သေများကိုလည်း ကြံရာပါများဟု သတ်မှတ်ခြင်းမပြုနိုင်ချေ။ မတရားလည်ဆယ်၍ တိုင်တန်းခြင်း၊ အမှုဆင်ခြင်းမျိုးကို အထူးသတိထားရသော်လည်း လာဘ်ပေးလာဘ်ယူမှုများ၌ လာဘ်တောင်းခြင်းအမှန်ကို တိုင်ကြားခြင်းဖြစ်သည်ဟု ယုံကြည်ရလျှင် တာဝန်ရှိသောအဖွဲ့တို့က ထောင်၍ဖမ်းသောပရိယာယ်ကိုသုံးသည်မှလွဲ၍ လက်ပူးလက်ကြပ်မိရန် နည်းလမ်းရှာဖွေရန် ခဲယဉ်းပေသည်။ ထိုသို့ ဆောင်ရွက်ကြသော တာဝန်ရှိသူများကသာလျှင် ဥပဒေစည်းကမ်းနှင့်အညီအမျှ မှန်ကန်စွာ လုပ်ကိုင်၍ မှန်သည့်အတိုင်း ရုံးတွင်ထွက်ဆိုရန် လိုပေသည်။

**(ဦးဘစိန်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၅-၇၀၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၊ စီရင်ထုံးများ၊ ၂၄၄)**

## ရှောင်ကြဉ်ရမည့် ဥပဒေပါအချက်များ

ပုဒ်မ ၁၉၁ - မည်သူမဆို၊ ကျမ်းသစ္စာအရဖြစ်စေ၊ ဥပဒေ၌ အတိအလင်း ဖော်ပြထားသော ပြဋ္ဌာန်းချက်အရဖြစ်စေ၊ အမှန်ထွက်ဆိုရန် ဥပဒေအရ တာဝန်ရှိပါလျက်နှင့် သို့တည်းမဟုတ် အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ ကြေညာချက်ပြုရန် ဥပဒေအရ တာဝန်ရှိပါလျက်နှင့် မမှန်သည်လည်းဖြစ်သည့်ပြင် မမှန်ဟု မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် မှန်သည်ဟု မိမိယုံကြည်ခြင်းမရှိသည်လည်းဖြစ်သော ဖော်ပြချက်ကို ပြုလျှင် ထိုသူသည် မမှန်သက်သေခံသည် မည်၏။

ပုဒ်မ ၁၉၂ - တရားစီရင်သောမှုခင်းကိစ္စတွင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေအရ စီရင်သော မှုခင်းကိစ္စတွင်ဖြစ်စေ အနုညာတခုံလူကြီးက ဥပဒေအရစီရင်သော မှုခင်းကိစ္စတွင်ဖြစ်စေ-

(က) ပတ်ဝန်းကျင်ကြောင်းခြင်းရာတစ်ခုကိုသော် လည်းကောင်း၊ စာအုပ်၌ဖြစ်စေ၊ မှတ်တမ်း၌ဖြစ်စေ ရေးသွင်းသော မမှန်ရေးသွင်းချက် တစ်ခုကိုသော် လည်းကောင်း၊ မမှန်ထွက်ချက်ပါသော စာတမ်းအမှတ်အသားတစ်ခုကိုသော် လည်းကောင်း သက်သေခံအဖြစ်ဖြင့် ပေါ်ပေါက်လာနိုင်စေရန်၊ ထို့ပြင်-

(ခ) ထိုသို့ပေါ်ပေါက်လာနိုင်သော ပတ်ဝန်းကျင်ကြောင်းခြင်းရာအားဖြင့်သော်လည်းကောင်း၊ မမှန်ရေးသွင်းချက်အားဖြင့်သော် လည်းကောင်း၊ မမှန်ထွက်ဆိုချက်ပါသော စာတမ်း အမှတ်အသားအားဖြင့်သော် လည်းကောင်း၊ အဆိုပါ စစ်ဆေးစီရင်သော မှုခင်းကိစ္စ၌ သက်သေခံချက်ကို အထောက်အထားပြုကာ ထင်မြင်ကောက်ယူရန်ရှိသောသူအား အမှုဆုံးဖြတ်ရေးတွင် အရေးပါသော အချက်တစ်ခုခုနှင့် စပ်လျဉ်း၍ လွဲမှားစွာ ထင်မြင်မိစေ

ရန် ကြံရွယ်၍ မည်သူမဆို ပြုလျှင် ထိုသူသည် 'မမှန်
သက်သေခံဖန်တီးသည်' မည်၏။

ပုဒ်မ ၁၉၃ - တရားစီရင်သော မှုခင်းကိစ္စတွင် မည်သည့်အဆင့်၌ဖြစ်စေ မည်သူမဆို၊ တမင်မမှန်သက်သေခံလျှင်၊ သို့တည်းမဟုတ် မည်သည့်အဆင့်၌ဖြစ်စေ၊ သက်သေခံအဖြစ် အသုံးပြုရန် မမှန်သက်သေခံကို တမင်ဖန်တီးလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် အခြားမှုခင်းကိစ္စတွင် တမင်မမှန်သက်သေခံလျှင် သို့တည်းမဟုတ် မမှန်သက်သေခံကို တမင်ဖန်တီးလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ပုဒ်မ ၁၉၄ - ပြည်ထောင်စုမြန်မာနိုင်ငံတော် ဥပဒေအရ တစ်ဦးတစ်ယောက်သောသူကို သေဒဏ်ထိုက်သောအမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို မမှန်သက်သေခံလျှင်၊ သို့တည်းမဟုတ် မမှန်သက်သေခံကိုဖန်တီးလျှင်၊ ထိုသူကို တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် ထိုကဲ့သို့ မမှန်သက်သေခံခြင်းအားဖြင့် အပြစ်ကင်းသူတစ်ဦးမှာ ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရ၍ သေဒဏ်ခံရပြီးဖြစ်လျှင် ထိုမမှန်သက်သေခံသူကို သေဒဏ်ဖြစ်စေ၊ အထက်ကဆိုခဲ့သော ပြစ်ဒဏ်ဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၁၉၅ - ပြည်ထောင်စုမြန်မာနိုင်ငံတော် ဥပဒေအရ တစ်ဦးတစ်ယောက်သောသူကို သေဒဏ်ထိုက်သော အမှုမျိုး မဟုတ်ဘဲ တစ်သက်တစ်ကျွန်း ဖြစ်စေ၊ ခုနစ်နှစ်၊ သို့တည်းမဟုတ် ခုနစ်နှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ ထိုက်သောအမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရအောင် ကြံရွယ်၍သော်လည်းကောင်း၊ ထိုသို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း မည်သူမဆို သက်သေ

ခံလျှင်၊ သို့တည်းမဟုတ် မမှန်သက်သေခံကို ဖန်တီးလျှင် ထိုသူအား ထိုပြစ်မှုမျိုးဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူတစ်ဦးတစ်ယောက် ခံထိုက်သော ပြစ်ဒဏ်မျိုး ချမှတ်ရမည်။

ပုဒ်မ ၁၆၉ - မမှန်ဟုသော်လည်းကောင်း၊ ဖန်တီးထားသည်ဟုသော်လည်းကောင်း မိမိသိသော သက်သေခံကို အမှန်သက်သေခံအဖြစ်ဖြင့်ဖြစ်စေ၊ အစစ်သက်သေခံအဖြစ်ဖြင့်ဖြစ်စေ တရားမဲ့စွာ အသုံးပြုလျှင် သို့တည်းမဟုတ် ထိုသို့အသုံးပြုရန် အားထုတ်လျှင် ထိုသူကို မမှန်သက်သေခံဘိသကဲ့သို့သော်လည်းကောင်း၊ မမှန်သက်သေခံကို ဖန်တီးဘိသကဲ့သို့သော်လည်းကောင်း ထပ်တူ ပြစ်ဒဏ်ချမှတ်ရမည်။

ပုဒ်မ ၁၉၇ - ဥပဒေအရထုတ်ပေးရန်၊ သို့တည်းမဟုတ် လက်မှတ်ရေးထိုးရန်လိုသော တာဝန်ခံလက်မှတ်၌ဖြစ်စေ၊ ကြောင်းခြင်းရာတစ်ခုခုနှင့် စပ်လျဉ်း၍ ဥပဒေအရ သက်သေခံဝင်သော တာဝန်ခံလက်မှတ်၌ဖြစ်စေ အရေးပါသော အချက်တစ်ခုခုတွင် မမှန်ကြောင်းသိလျက်နှင့်၊ သို့တည်းမဟုတ် မမှန်ကြောင်း ယုံကြည်လျက်နှင့် ထိုတာဝန်ခံလက်မှတ်ကို မည်သူမဆို ထုတ်ပေးလျှင်၊ သို့တည်းမဟုတ် လက်မှတ်ရေးထိုးလျှင် ထိုသူကို မမှန်သက်သေခံဘိသကဲ့သို့ ထပ်တူ ပြစ်ဒဏ်ချမှတ်ရမည်။

ပုဒ်မ ၁၉၈ - တာဝန်ခံလက်မှတ်တစ်ခု၌ အရေးပါသောအချက်တစ်ခုခုတွင် မမှန်ဟုသိလျက်နှင့် မည်သူမဆို ထိုတာဝန်ခံလက်မှတ်ကို အမှန်အဖြစ်ဖြင့် တရားမဲ့စွာအသုံးပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့အသုံးပြုရန် အားထုတ်လျှင် ထိုသူကို မမှန်သက်သေခံဘိသကဲ့သို့ ထပ်တူ ပြစ်ဒဏ်ချမှတ်ရမည်။

ပုဒ်မ ၁၉၉ - ကြောင်းခြင်းရာတစ်ခုခုနှင့် စပ်လျဉ်း၍ သက်သေခံအဖြစ်ဖြင့် ဥပဒေအရ၊ တရားရုံးကဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းကဖြစ်စေ၊ အခြားသူတစ်ဦးကဖြစ်စေ လက်ခံရန်တာဝန်ရှိသော၊ သို့တည်းမဟုတ် လက်ခံပိုင်ခွင့်ရှိသော ကြေညာချက်ကိုပြုသောသူသည်၊ သို့တည်းမဟုတ် လက်မှတ်ရေးထိုးသောသူသည် မမှန်သည်လည်းဖြစ်၍ မမှန်ဟု သိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် မှန်သည်ဟု မိမိမယုံကြည်သည်လည်း

ဖြစ်သော ဖော်ပြချက်ကို အဆိုပါ ကြေညာချက်ကိုပြုသော၊ သို့တည်း မဟုတ် အသုံးပြုသောရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ အရေးပါသော အချက်၌ပြုလျှင် ထိုသို့ပြုသောသူကို မမှန်သက်သေခံဘိသကဲ့သို့ ထပ်တူ ပြစ်ဒဏ်ချမှတ်ရမည်။

ပုဒ်မ ၂၀၀ - ဆိုခဲ့သော ကြေညာချက်သည် အရေးပါသော အချက်တစ်ခုခု၌ မမှန်ဟုသိလျက်နှင့် မည်သူမဆို အမှန်အဖြစ်ဖြင့် တရားမဲ့စွာ အသုံးပြုလျှင် သို့တည်းမဟုတ် ထိုသို့အသုံးပြုရန်အားထုတ်လျှင်၊ ထိုသူကို မမှန်သက်သေခံဘိသကဲ့သို့ ထပ်တူ ပြစ်ဒဏ်ချမှတ်ရမည်။

ပုဒ်မ ၂၀၁ - ပြစ်မှုကျူးလွန်ပြီးဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ မည်သူမဆို ထိုပြစ်မှုနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခံရမည့်ပြစ်ဒဏ်မှ ကာကွယ်ရန်အကြံဖြင့် ထိုပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသော သက်သေခံတစ်ခုခုကို ပျောက်ပျက်စေလျှင် သို့တည်းမဟုတ် ထိုအကြံမျိုးဖြင့်ပင် ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်ဟုသိသော၊ သို့တည်းမဟုတ် ယုံကြည်သော သတင်းကိုပေးလျှင်၊ ထိုသူကို-

ကျူးလွန်ပြီးဖြစ်ကြောင်း မိမိသိသော၊ သို့တည်းမဟုတ် ယုံကြည်သော ပြစ်မှုသည် သေဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုဖြစ်ပါက၊ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထို့ပြင် အဆိုပါပြစ်မှုသည် တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံထိုက်သော ပြစ်မှုဖြစ်ပါက သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ထို့ပြင် အဆိုပါပြစ်မှုသည် ဆယ်နှစ်အောက်လျော့သည့် ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုဖြစ်ပါက၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံး ကာလအပိုင်းအခြား၏ လေးပုံတစ်ပုံထိ ထောင်

ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၀၂ - ပြစ်မှုကျူးလွန်ပြီးဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ မည်သူမဆို၊ ထိုပြစ်မှုနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ပေးရန်တာဝန်ရှိသောသတင်းကို မပေးဘဲ တမင်ပျက်ကွက်လျှင်၊ ထိုသူကို ခြောက်လထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၀၃ - ပြစ်မှုကျူးလွန်ပြီးဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ မည်သူမဆို၊ ထိုပြစ်မှုနှင့် စပ်လျဉ်း၍ မမှန်ဟု မိမိသိသော၊ သို့တည်းမဟုတ် ယုံကြည်သော သတင်း တစ်ခုခုကိုပေးလျှင်၊ ထိုသူကို နှစ်နှစ်ထိအောင် ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၀၄ - တရားရုံးရှေ့တွင်ဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ဥပဒေနှင့်အညီ စစ်ဆေးစီရင်သော အမှု တစ်ခုခုတွင်ဖြစ်စေ၊ သက်သေခံအဖြစ်တင်ပြစေရန်၊ ဥပဒေအရ အတင်း အကြပ် တောင်းယူနိုင်သော စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် တင်မပြနိုင်အောင်၊ သို့တည်းမဟုတ် အသုံးမပြုနိုင်အောင် ပြုရန်အကြံ ဖြင့်-

(၁) မည်သူမဆို၊ ထိုစာတမ်း အမှတ်အသားကို လျှို့ဝှက်ထား လျှင်၊ သို့တည်းမဟုတ် ဖျက်ဆီးလျှင်၊ သို့တည်းမဟုတ် ထိုစာတမ်းအမှတ်အသားအားလုံး၌ဖြစ်စေ၊ အချို့အဝက် ၌ဖြစ်စေ အမှတ်အသားကိုဖျက်လျှင်၊ သို့တည်းမဟုတ် မထင်ရှားအောင်ပြုလျှင်၊ သို့တည်းမဟုတ်

(၂) မည်သူမဆို၊ စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် တင်ပြစေရန် ဥပဒေအရ ဆင့်ဆိုခြင်းခံရပြီးနောက်၊ သို့တည်းမဟုတ် အခိုင်းခံရပြီးနောက် ထိုစာတမ်းအမှတ် အသားကို လျှို့ဝှက်ထားလျှင်၊ သို့တည်းမဟုတ် ဖျက်ဆီး လျှင်၊ သို့တည်းမဟုတ် ထိုစာတမ်းအမှတ်အသားအားလုံး

၌ဖြစ်စေ၊ အချို့အဝက်၌ဖြစ်စေ အမှတ်အသားကိုဖျက်လျှင်၊ သို့တည်းမဟုတ် မထင်ရှားအောင်ပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၀၅ - တရားမမှုတွင်ဖြစ်စေ၊ ရာဇဝတ်မှုတွင်ဖြစ်စေ သူတစ်ပါး အယောင်ဆောင်၍ ထိုကဲ့သို့ အယောင်ဆောင်အနေနှင့် မည်သူမဆို မဟုတ်မမှန်ဘဲလျက် ဝန်ခံချက်ကိုဖြစ်စေ၊ ထွက်ဆိုချက်ကိုဖြစ်စေ ပြုလျှင်၊ သို့တည်းမဟုတ် စွဲချက်အတိုင်း ဖြောင့်ဆိုလျှင်၊ သို့တည်းမဟုတ် အမိန့်ဆင့်စာကို ထုတ်စေလျှင်၊ သို့တည်းမဟုတ် အာမခံဖြစ်စေ၊ ခံဝန်သူဖြစ်စေ ပြုလျှင်၊ သို့တည်းမဟုတ် အခြားပြုလုပ်မှုကိုပြုလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၀၆ - တရားရုံးကဖြစ်စေ၊ စီရင်ပိုင်ခွင့်အာဏာရှိသော အခြားအရာရှိကဖြစ်စေ စီရင်ချက်ချပြီးသော သို့တည်းမဟုတ် ချတန်ရာသည်ဟု မိမိသိသော စီရင်ချက်အရ အစိုးရဘဏ္ဍာတော်အဖြစ်ဖြင့်ဖြစ်စေ၊ ငွေဒဏ်အတွက် ရရှိရန်ဖြစ်စေ ပစ္စည်းတစ်ခုခုကို၊ သို့တည်းမဟုတ် ပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို မသိမ်းယူနိုင်စေရန် အကြံဖြင့်၊ သို့တည်းမဟုတ် တရားမမှုတွင် တရားရုံးက ချပေးပြီးသော၊ သို့တည်းမဟုတ် ချပေးတန်ရာသည်ဟု မိမိသိသော ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီပြုရာတွင် ထိုပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို မသိမ်းယူနိုင်စေရန် အကြံဖြင့် မည်သူမဆို၊ ထိုပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းရှိ အကျိုးခံစားခွင့်ကို လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ဖယ်ရှားခြင်း၊ သို့တည်းမဟုတ် ဝှက်သိမ်းခြင်း၊ သို့တည်းမဟုတ် သူတစ်ပါးသို့ လွှဲပြောင်းခြင်း၊ သို့တည်းမဟုတ် သူတစ်ပါးသို့ ပေးအပ်ခြင်းပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၀၇ - တရားရုံးကဖြစ်စေ၊ စီရင်ပိုင်ခွင့်အာဏာရှိသော အခြားအရာရှိကဖြစ်စေ စီရင်ချက်ချပြီးသော သို့တည်းမဟုတ် ချတန်ရာသည်ဟု မိမိသိသော စီရင်ချက်အရ အစိုးရဘဏ္ဍာတော်အဖြစ်ဖြင့်ဖြစ်စေ၊ ငွေဒဏ်ရရှိရန်ဖြစ်စေ ပစ္စည်းတစ်ခုခုကို၊ သို့တည်းမဟုတ် ပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို မသိမ်းယူနိုင်စေရန် အကြံဖြင့်၊ သို့တည်းမဟုတ် တရားမမှုတွင် တရားရုံးက ချပေးပြီးသော၊ သို့တည်းမဟုတ် ချပေးတန်ရာသည်ဟု မိမိသိသော ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီပြုရာတွင် ထိုပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းအတွက်သော်လည်းကောင်း၊ ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့် အတွက်သော်လည်းကောင်း၊ မိမိ၌ ပိုင်ဆိုင်ခွင့်ဖြစ်စေ၊ တောင်းဆိုပိုင်ခွင့် ဖြစ်စေ မရှိဟု မိမိသိလျက်နှင့် သို့တည်းမဟုတ် ထိုပစ္စည်းကိုသော လည်းကောင်း၊ ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကိုသော်လည်းကောင်း ပိုင်ဆိုင်သော အခွင့်နှင့်စပ်လျဉ်း၍ လှည့်ဖြားခြင်းကို မိမိပြုသည်ဟု မိမိသိလျက်နှင့် ထိုပစ္စည်းကို၊ သို့တည်းမဟုတ် ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်ကို လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့် လက်ခံခြင်း၊ သို့တည်းမဟုတ် တောင်းဆိုခြင်းပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၀၈ - ပေးဆပ်စေရန် ကြွေးမြီမရှိဘဲလျက် ရှိကြောင်းဖြင့် တစ်ဦးတစ်ယောက်က တရားမကြောင်းစွဲဆိုသောအမှုတွင် သို့တည်းမဟုတ် ပေးဆပ်စေရန်ရှိသည်ထက်ပိုသော ကြွေးမြီအတွက် ထိုသူက တရားမကြောင်း စွဲဆိုသောအမှုတွင်၊ သို့တည်းမဟုတ် ထိုသူပိုင်ဆိုင်ခွင့်မရှိသော ပစ္စည်းအတွက်ဖြစ်စေ၊ ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်အတွက်ဖြစ်စေ ထိုသူက တရားမကြောင်း စွဲဆိုသောအမှုတွင် မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော သဘောနှင့် မိမိအပေါ် ဒီကရီဖြစ်စေ၊ အမိန့်ဖြစ်စေ ကျစေလျှင်၊ သို့တည်းမဟုတ် ဒီကရီဖြစ်စေ၊ အမိန့်ဖြစ်စေ ချမှတ်သည်ကိုခံလျှင်၊ သို့တည်းမဟုတ် မည်သူမဆို လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် ဒီကရီတစ်ခုဖြစ်စေ၊ အမိန့်တစ်ခုဖြစ်စေ ကျေအေး

ပြေငြိမ်းပြီးသော်လည်း၊ ထိုကျေအေးပြေငြိမ်းပြီးသော ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီပြုစေလျှင်၊ သို့တည်းမဟုတ် ဇာရီပြုသည်ကိုခံလျှင်၊ သို့တည်းမဟုတ် ဒီကရီဖြစ်စေ၊ အမိန့်ဖြစ်စေ၊ ကျေအေးပြေငြိမ်းပြီးခြင်းနှင့် သက်ဆိုင်သော အရာဝတ္ထုအတွက် ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီပြုစေလျှင်၊ သို့တည်းမဟုတ် ဇာရီပြုသည်ကိုခံလျှင် ထိုသူကို နှစ်နှစ်ထိအောင် ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၀၉ - လိမ်လည်လှည့်ဖြားလိုသော သဘောနှင့်ဖြစ်စေ၊ မရိုးမဖြောင့်သော သဘောနှင့်ဖြစ်စေ၊ တစ်ဦးတစ်ယောက်သောသူကို နစ်နာစေရန်၊ သို့တည်းမဟုတ် စိတ်ငြိုငြင်စေရန် အကြံနှင့်ဖြစ်စေ မည်သူမဆို တောင်းဆိုချက်တစ်ခုခုကို မမှန်ကြောင်းသိလျက်နှင့် တရားရုံးတွင် ပြုလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ပုဒ်မ ၂၁၀ - မရထိုက်သောငွေအတွက်ဖြစ်စေ၊ ရထိုက်သောငွေထက် ပိုမို၍ဖြစ်စေ၊ မိမိရထိုက်ခွင့်မရှိသော ပစ္စည်းတစ်ခုခုအတွက်ဖြစ်စေ ထိုပစ္စည်းတွင်ရှိသော အကျိုးခံစားခွင့်တစ်ခုခုအတွက်ဖြစ်စေ မည်သူ မဆို လိမ်လည်လှည့်ဖျားလိုသောသဘောနှင့် တစ်ဦးတစ်ယောက်သောသူ အပေါ်တွင် ဒီကရီကိုသော်လည်းကောင်း၊ ထိုသူအပေါ်တွင် ကျေအေးပြေငြိမ်းပြီးသော ဒီကရီကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီပြုစေလျှင် သို့တည်းမဟုတ် ဒီကရီဖြစ်စေ၊ အမိန့်ကိုဖြစ်စေ ဇာရီပြုစေလျှင်၊ သို့တည်းမဟုတ် မည်သူမဆို လိမ်လည်လှည့်ဖြားလိုသောသဘောနှင့် အဆိုပါပြုလုပ်မှုတစ်ခုခုကို မိမိ၏အမည်နှင့် အပြုခံလျှင်၊ သို့တည်းမဟုတ် ပြုခွင့်ပေးလျှင် ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၂၁၁ - မှန်သော၊ သို့တည်းမဟုတ် ဥပဒေနှင့်ညီသော အကြောင်းယုတ္တိမရှိဟု သိလျက်နှင့် မည်သူမဆို တစ်ဦးတစ်ယောက်သောသူကို နစ်နာစေရန်အကြံဖြင့် ထိုသူအပေါ်၌ ရာဇဝတ်မှုစွဲဆိုလျှင်

သို့တည်းမဟုတ် စွဲဆိုစေလျှင်၊ သို့တည်းမဟုတ် ထိုသူအပေါ်တွင် ပြစ်မှုကျူးလွန်သည်ဟု မမှန်စွပ်စွဲလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ထို့ပြင် ထိုသို့ ရာဇဝတ်မှုစွဲဆိုခြင်းသည် သေဒဏ်ဖြစ်စေ၊ တစ်သက်တစ်ကျွန်းဒဏ်ဖြစ်စေ၊ ခုနစ်နှစ်၊ သို့တည်းမဟုတ် ခုနစ်နှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံထိုက်သော ပြစ်မှုကို ကျူးလွန်သည်ဟု မမှန်စွပ်စွဲ၍ စွဲဆိုခြင်းဖြစ်လျှင် စွဲဆိုသူကို ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အခန်း(၁၁) သက်သေခံဥပဒေ၏သဘော

တရားရုံးတွင် အမှုများစစ်ဆေးမေးမြန်းရာတွင် စစ်ချင်ရာစစ်၊ မေးချင်ရာမေး လုပ်၍မရပေ။ သက်သေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဘောင်အတွင်းကသာ စစ်ဆေးမေးမြန်းကြရပေသည်။

သက်သေခံဥပဒေနှင့်ပတ်သက်၍ အမှုသည်များ သိသင့်သိထိုက်သည့် အချက်အချို့ကို တင်ပြပေမည်။

သက်သေခံဥပဒေတွင် အပိုင်းကြီးသုံးပိုင်းရှိသည်။

၁။ အကြောင်းအရာနှင့်စပ်ဆိုင်ခြင်း၊

၂။ ထင်ရှားအောင်ပြုလုပ်ခြင်း၊

၃။ သက်သေတင်ပြခြင်းအကျိုး မည်သို့ရှိခြင်း

မည်သည့်အကြောင်းအရာများသည် အမှုနှင့်စပ်ဆိုင်ကြောင်းကို အပိုင်း(၁)တွင် ပြဋ္ဌာန်းထားသည်။ မည်သည့်အကြောင်းအရာများကို မေးနိုင်သည်၊ မည်မျှထိ မေးနိုင်သည်ဆိုသည့်အချက်များ ပါဝင်သည်။

ဥပမာ- ရိုက်မှုတစ်မှုကို စစ်ဆေးရာတွင်

ဘာနဲ့ ရိုက်သလဲ

ဘယ်လို ရိုက်သလဲ

ဘယ်နှစ်ချက် ရိုက်သလဲ
ဘယ်လိုပြောပြီး ရိုက်သလဲ
ဘယ်နေရာမှာ ရိုက်တာလဲ
ဘယ်သူ့ကို ရိုက်တာလဲ
ဘယ်နေရာကို ထိသလဲ
ဘာဖြစ်သွားသလဲ
မရိုက်ခင်က ဘာဖြစ်ခဲ့ကြသလဲ

ရိုက်ပြီးနောက်ကော ဘာဖြစ်သလဲ --- ဆိုသည့် စစ်မေးခြင်းများသည် အကြောင်းအရာနှင့်စပ်ဆိုင်သည့် အချက်များ ဖြစ်သည်ဟု နားလည်အပ်သည်။ ထို့ထက်မက ကျယ်ပြန့်သည့်သဘောများ ဥပဒေတွင် ပါဝင်သည်။

ထင်ရှားအောင် ပြုလုပ်ခြင်းဆိုသည့် အပိုင်း(၂)မှာ တင်သွင်းခြင်းဆိုင်ရာ ကိစ္စများဖြစ်သည်။ မည်သည့်သက်သေခံအထောက်အထားကို မည်သို့ တင်သွင်းရမည်၊ မည်သို့ လက်ခံရမည်ကို ဖော်ပြထားခြင်းဖြစ်သည်။

ရုံးရှေ့အစစ်ခံရာတွင် နှုတ်ဖြင့်ပြောဆိုအစစ်ခံရသည်။ ခေါင်းငြိမ့်ခေါင်းခါဖြင့် မပြောဆိုရ။ အစစ်ခံရာတွင် မိမိကိုယ်တိုင် မြင်တွေ့သည်များ၊ ကြားသိသည်များကိုသာ ထွက်ဆိုရသည်။ တစ်ဆင့်ကြားစကားများကို ပြောဆိုခြင်း မပြုရ။

သက်သေခံ စာရွက်စာတမ်းများကို တင်သွင်းရာတွင် မူရင်းစာရွက်စာတမ်းများကိုသာ တင်သွင်းရသည်။ စသည့်အချက်များ ပါဝင်သည်။

အပိုင်း(၃)မှာမူ တာဝန်နှင့် ကျင့်စဉ်ပိုင်းဖြစ်သည်။ သက်သေထင်ရှားပြရန်တာဝန် မည်သူ့တွင်ရှိသည်ဆိုသည့်အချက်၊ သက်သေက နိုင်ငံရေးရာ လျှို့ဝှက်ချက်များကို မဖြေဆိုဘဲနေနိုင်သည်၊ အတင်းအကျပ် မပြုနိုင်ဆိုသည့်အချက်၊ သက်သေအား သတင်းမည်သူ့ထံကရရှိကြောင်း အတင်းအကျပ် မမေးနိုင်ဆိုသည့်အချက်၊ ရှေ့နေနှင့်အမှုသည်တို့၏ အမှုအကြောင်းပြောဆိုသည့် စကားများသည် ထုတ်ဖော်ပြောဆိုစေခွင့်

မပြုရဆိုသည့်အချက်၊ သင့်လျော်သော အကြောင်းယုတ္တိမရှိ၊ အခြေအမြစ်မရှိသော မေးခွန်းများမေး၍မရ ဆိုသည့်အချက် စသည်တို့ပါဝင်သည်။

ထို့ထက် ကျယ်ပြန့်စွာသိလိုက သက်သေခံဥပဒေကို သီးခြားလေ့လာသင့်သည်။

သက်သေခံဥပဒေတွင် ပုဒ်မပေါင်း ၁၆၇ ခု ပါဝင်သည်။ အပိုင်း(၁)မှာ ပုဒ်မ ၅ မှ ၅၅ အထိဖြစ်သည်။ အပိုင်း(၂)မှာ ပုဒ်မ ၅၆ မှ ၁၀၀ အထိဖြစ်သည်။ အပိုင်း(၃)မှာ ၁၀၁ မှ ၁၆၇ အထိဖြစ်သည်။

## အပိုင်း ၂ တရားမပိုင်း
## အခန်း(၁၂) ဆိုလွှာဖြင့် တရားစွဲဆိုခြင်း

တရားမမှုတွင် လုပ်ထုံးလုပ်နည်းသည် အဓိက အရေးကြီးသည်။

မည်သည့် သက်သာခွင့်အတွက် မည်ကဲ့သို့ တရားစွဲဆိုရမည် ဆိုခြင်းမှာ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သည်။ တရားစွဲပုံစွဲနည်းများက တောင်းဆိုသော သက်သာခွင့် မရနိုင်ဆိုသည်ကို သတိပြုသင့်သည်။ ထို့ကြောင့် တရားမမှုစွဲဆိုမည်ဆိုက တတ်ယောင်ကားလုပ်ခြင်းထက် တတ်ကျွမ်းသူနှင့် တိုင်ပင်ခြင်းက ပို၍ကောင်းသည်။

တရားမမှုတစ်မှု စွဲဆိုတော့မည်ဆိုက တရားမစွဲမီ ကြိုတင်၍ လုပ်ကိုင်သင့်သည့်အဆင့်များ၊ ကြိုတင်၍ ဆန်းစစ်သင့်သည့်အချက်များ များစွာရှိသည်။

အမှုစွဲဆိုရန်အတွက် ပထမ လိုအပ်ချက်သည် အမှုအခင်းပေါ်ပေါက်သောနေ့ရက်ဖြစ်သည်။ အမှုအခင်းပေါ်ပေါက်သော နေ့ရက် သတ်မှတ်မှု မရှိပါက တရားစွဲဆို၍ မရပေ။

အချို့သော အမှုသဘာဝအရ အမှုအခင်း ပေါ်ပေါက်သော နေ့ရက်ကို နို့တစ်စာပေး၍သတ်မှတ်ယူရသည်လည်းရှိသည်။ အချို့သော အမှုသဘာဝအရ ပေးပို့သော နို့တစ်စာသည် ဥပဒေနှင့်အညီ ဖြစ်ရသည်။ ဥပဒေနှင့်အညီ ပေးပို့သော နို့တစ်စာမဟုတ်က အမှုတစ်ခုလုံး ပျက်သည်။

အမှုအခင်း ပေါ်ပေါက်သော နေ့ရက်မှစတင်ကာ သတ်မှတ်ပြဋ္ဌာန်းထားသော ကာလစည်းကမ်းသတ်ကာလအတွင်း တရားစွဲရသည်။ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တရားစွဲဆိုသော် သက်သာခွင့်မရဘဲ ရှိတတ်သည်။

စွဲဆိုသောအမှုသည် မီးသေဆုံးဖြတ်ပြီး အမှု ဟုတ်မဟုတ်ဆိုသည်ကိုလည်း ကြည့်ရသည်။

တရားစွဲဆိုရာတွင် အမှန်တကယ် ထည့်သွင်းရန် လိုအပ်သည့်အမှုသည် ဟုတ်မဟုတ်ဆိုသည်ကိုလည်း ကြည့်ရသေးသည်။ တရားပြိုင်အဖြစ် ထည့်သွင်းစွဲဆိုရမည့် ပုဂ္ဂိုလ်ကို မထည့်သွင်းသဖြင့် တောင်းဆိုသော သက်သာခွင့်မရသည်များလည်း ရှိသည်။

လိုအပ်သော စာရွက်စာတမ်း အထောက်အထားမပါရှိဘဲ တရားစွဲဆိုမိ၍ အမှုပလပ်ခံရသည်များ၊ အမှုတွင် ထမ်းဆောင်ရမည့် ရုံးခွန်တံဆိပ်ခေါင်း လုံလောက်မှုမရှိ၍ အမှုပလပ်ခံရသည်များ ရှိသည်။

သို့ဖြစ်ရာ တရားမမှုတစ်မှု စွဲဆိုရာတွင် ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို နှံ့စပ်ကျွမ်းကျင်စွာ သိထားဖို့နှင့် စေ့စပ်သေချာဖို့သည် လွန်စွာအရေးကြီးသည်။

သာမန်လုပ်ထုံးလုပ်နည်းအရ တရားစွဲမည်ဆိုလျှင် ဆိုလွှာပြုလုပ်၍ တရားစွဲဆိုရသည်။ ယင်းဆိုလွှာတွင် -

၁။ တရားစွဲဆိုရာရုံးအမည်

၂။ တရားလို၏အမည်၊ အလုပ်အကိုင်၊ နေရပ်

၃။ တရားပြိုင်၏အမည်၊ အလုပ်အကိုင်၊ နေရပ်

၄။ တရားလို သို့မဟုတ် တရားပြိုင်သည် အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်မှုဖြစ်လျှင် ထိုသို့ အရွယ်မရောက်သေးကြောင်း သို့မဟုတ် ရူးသွပ်ကြောင်း ဖော်ပြချက်

၅။ အချင်းဖြစ်သည့် အကြောင်းအရာနှင့် ဖြစ်ပွားသည့်နေ့ရက်

၆။ ရုံး၏ စီရင်ပိုင်ခွင့်အာဏာရှိကြောင်း ဖော်ပြချက်

၇။ တရားလိုတောင်းဆိုသည့် သက်သာခွင့်

၈။ တရားလိုက မိမိရထိုက်ရရန်အနက်မှ အချို့ကို ခုနှိမ် သို့မဟုတ် စွန့်ပယ်လျှင်၊ ခုနှိမ် သို့မဟုတ် စွန့်ပယ်သည့် အရေအတွက်

၉။ စီရင်ပိုင်ခွင့်အာဏာနှင့် ရုံးခွန်တော်အတွက် တန်ဖိုး

စသည်တို့ ဖော်ပြပါရှိရမည်။ မှန်ကန်ကြောင်း ဝန်ခံချက်ပါရှိရသည်။ ဆိုလွှာတွင် တရားလိုလက်မှတ် ရေးထိုးရသည်။ ပူးတွဲတင်သွင်းသော စာရွက်စာတမ်းများစာရင်း၊ အားကိုးအားထားပြု စာရွက်စာတမ်းများစာရင်း ပါရှိရသည်။

တရားရုံးသို့ ဆိုလွှာတင်သွင်းရာတွင် ရုံးအတွက် တစ်စုံနှင့် တရားပြိုင်များအတွက် တစ်စုံစီ တင်သွင်းရသည်။

အောက်တွင် တရားမဆိုလွှာနမူနာပုံစံတစ်ခုကို ဖော်ပြထားသည်။

**နမူနာပုံစံ(ဂ)**

**------------------------- တရားရုံးတော်၌**

**၁၉------ခုနှစ်၊ တရားမကြီးမှုအမှတ် -------**

ဒေါ်တင်

လိပ်စာ -------------------------- တရားလို

နှင့်

ဒေါ်စိန်

လိပ်စာ -------------------------- တရားပြိုင်

**ခွင့်ပြုချက်အရ အခမဲ့နေထိုင်သူအား ဖယ်ရှားပေးစေလိုမှု**

အထက်ပါတရားလိုက အောက်ပါအတိုင်းလျှောက်ထားပါသည်။

၁။ တရားလိုသည် -------------- မြို့၊ ------------ ရပ်ကွက်၊ ------ လမ်း၊ အိမ်အမှတ် ( )ကို ပိုင်ဆိုင်သူ ဖြစ်ပါသည်။

၂။ တရားပြိုင်သည် လွန်ခဲ့သောတစ်နှစ်က ၎င်းနေထိုင်သောရပ်ကွက် မီးလောင်ကျွမ်းခံရသည်ဖြစ်၍ နေထိုင်ရန် အခက်အခဲရှိသော ကြောင့် အထက်ပါ တရားလိုပိုင်နေအိမ်တွင် အခမဲ့နေထိုင်ခွင့် ပြုပါရန် တောင်းဆိုလာခဲ့ပါသည်။ တရားပြိုင်တို့၏ အခက်အခဲ ကို နားလည်စာနာသောအားဖြင့် တရားလိုက နေအိမ်တွင် နေထိုင်ခွင့်ပေးခဲ့ပါသည်။

၃။ တရားပြိုင်အား နေထိုင်ခွင့်ပေးရာတွင် တစ်နှစ်သာ နေထိုင်ခွင့် ပေးခဲ့ပြီး တရားပြိုင်ကလည်း တစ်နှစ်ပြည့်လျှင် ပြောင်းရွှေ့ပေးပါ မည်ဟု ဝန်ခံကတိပြုထားခဲ့ပါသည်။

သို့သော် တစ်နှစ်ပြည့်ပြီးသော်လည်း တရားပြိုင်က ဖယ်ရှား ပေးခြင်း မရှိပါ။

၄။ သို့ဖြစ်၍ တရားစွဲဆိုရန် အမှုဖြစ်အကြောင်းအရာသည် တရားပြိုင်နေထိုင်ခဲ့သည့် တစ်နှစ်သက်တမ်းပြည့်မြောက်သည့် ၁၈၊ ၅၊ ၉၂ နေ့ကို သတ်မှတ်ပါသည်။

၅။ အချင်းဖြစ်မြေနှင့်အိမ်သည် ဤရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်ပြီး အမှုတန်ဖိုး ၁၅၀၀၀၀ ကျပ် သတ်မှတ်ကာ ရုံးခွန်တော်ကို ဥပဒေနှင့်အညီ ထမ်းဆောင်ပါသည်။

သို့ပါ၍ တရားပြိုင်နှင့် ဆက်စပ်သူအားလုံး အချင်းဖြစ်နေအိမ်မှ ဖယ်ရှားရန် ဒီကရီကို စရိတ်နှင့်တကွ ချမှတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

၁၉---- ခုနှစ်၊ -------- လ၊ (   )ရက်

တရားလို

## ဝန်ခံချက်

အထက်ပါ စာပိုဒ်တို့အနက် အချို့ကို ကိုယ်တိုင်သိရှိပြီး အချို့ကို ဟုတ်မှန်ကြောင်း သိရပါ၍ --------- မြို့တွင် (          )နေ့၌ ဝန်ခံလက်မှတ်ရေးထိုးပါသည်။

တရားလို

**ပူးတွဲတင်သွင်းသော စာရွက်စာတမ်းများစာရင်း**

မရှိ

**အားကိုးအားထားပြုစာရွက်စာတမ်းများစာရင်း**

အမှုနှင့်စပ်ဆိုင်သော စာရွက်စာတမ်းများ

၆၆၆

## ချေပလွှာ

ဆိုလွှာရရှိပြီးနောက် တရားပြိုင်ဖက်အနေဖြင့် ဆိုလွှာပါ အချက်များကို ချေပရန်ဖြစ်သည်။ ချေပလွှာဖြင့် ပြန်လည်ချေပရသည်။

ချေပလွှာတင်သွင်းရာတွင် ဆိုလွှာပါ အပိုဒ်တစ်ပိုဒ်ချင်းအလိုက် ဖြေကြားတင်ပြရသည်။ ဆိုလွှာပါ အပိုဒ်တစ်ပိုဒ်ချင်းအလိုက် ဝန်ခံသည် သို့မဟုတ် ငြင်းဆန်သည်ကို တိတိကျကျ ဖော်ပြရသည်။ လုံးလုံးထွေးထွေး မဖြေဆိုသင့်။ ငြင်းဆန်လျှင် မည်သည့်အတွက်ကြောင့် ငြင်းဆန်ကြောင်း အကြောင်းပြချက်များ ပြန်လည်တင်ပြနိုင်သည်။

ဥပဒေအချက်အလက်များဖော်ပြရန်မလို။ အောက်တွင် ချေပလွှာ နမူနာပုံစံတစ်ခုကို ဖော်ပြထားသည်။

**နမူနာပုံစံ(၉)**

**-------------------------- တရားရုံးတော်၌**

**၁၉------ခုနှစ်၊ တရားမကြီးမှုအမှတ် -------**

ဒေါ်တင်
လိပ်စာ -------------------------- တရားလို

နှင့်

ဒေါ်စိန်
လိပ်စာ -------------------------- တရားပြိုင်

### ချေပလွှာ

အထက်ပါ တရားပြိုင်က အောက်ပါအတိုင်း ချေပလွှာတင်သွင်းပါသည်။

၁။ ဆိုလွှာစာပိုဒ်(၁)ပါ အချက်နှင့်ပတ်သက်၍ တရားလိုမသိပါ။

၂။ ဆိုလွှာစာပိုဒ်(၂)ပါ အချက်များနှင့်ပတ်သက်၍ (လွန်ခဲ့သော တစ်နှစ်ခန့်က ၄င်းနေထိုင်သောရပ်ကွက် မီးလောင်ကျွမ်းခံရသည်

ဖြစ်၍) ဟူသောအချက်မှတစ်ပါး ကျန်အချက်များမမှန်ပါ။ ငြင်းဆိုပါသည်။

၃။ ဆိုလွှာစာပိုဒ်(၃)ပါ အချက်များကို ငြင်းဆိုပါသည်။ တရားပြိုင်သည် တရားလိုထံမှ ငှားရမ်းခ တစ်လ ၃၀၀ ဖြင့် တစ်နှစ်စာကြိုပေး၍ နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။

၄။ ဆိုလွှာစာပိုဒ်(၄)ပါအချက် မမှန်ပါ။

၅။ ဆိုလွှာစာပိုဒ်(၅)ပါအချက်များကို ဖြေဆိုရန်မလိုပါ။

သို့ပါ၍ တရားလို၏ ဆိုလွှာကို စရိတ်နှင့်တကွ ပလပ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

၁၉---- ခုနှစ်၊ -------- လ၊ ( )ရက်

တရားပြိုင်

**ပူးတွဲတင်သွင်းသော စာရွက်စာတမ်းများစာရင်း**

မရှိ

**အားကိုးအားထားပြုစာရွက်စာတမ်းများစာရင်း**

ငှားရမ်းခကြိုပေးငွေရရှိကြောင်း တရားလိုလက်မှတ်ရေးထိုးပေးထားသည့် ပြေစာ။

# အမှုစစ်ဆေးခြင်း

## ရုံးကောက်ချက်

ချေပလွှာတင်သွင်းပြီးသောအခါ တရားရုံးက ရုံးငြင်းချက်များ (ရုံးကောက်ချက်) ထုတ်နှုတ် အမိန့်ချမှတ်ပေးသည်။ ရုံးငြင်းချက်ဆိုသည်မှာ ဆိုလွှာ၊ ချေလွှာနှစ်ခုပေါ် မူတည်၍ လိုအပ်သော ရုံးငြင်းချက်ကို ထုတ်ခြင်းဖြစ်သည်။

အမှုစစ်ဆေးသောအခါ ယင်းငြင်းချက်နှင့်စပ်လျဉ်း၍ သက်သေအထောက်အထား တင်ပြအစစ်အဆေးခံရသည်။

ဖော်ပြပါဆိုလွှာနှင့် ချေပလွှာနှစ်ရပ်အပေါ် တရားရုံးမှ ငြင်းချက်ထုတ်မည်ဆိုက အောက်ပါအတိုင်း ထွက်ပေါ်လာနိုင်ပေသည်။

(တရားလိုသည် တရားပြိုင်အား အခင်းဖြစ်နေအိမ်အခန်းတွင် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုခဲ့သည်ဆိုခြင်းမှာ မှန်ပါသလား)

တစ်ခါတစ်ရံ ငြင်းချက်ပေါ်မူတည်ပြီး တရားပြိုင်ဖက်က စတင်စစ်ဆေးသည်လည်းရှိသည်။ တစ်ခါတစ်ရံ ငြင်းချက်သဘောတရားအရ တရားလိုဖက်ကို စတင်စစ်ဆေးသည်လည်း ရှိသည်။

အထက်ပါငြင်းချက်သဘောကိုကြည့်က တရားလိုမှ စတင်၍ သက်သေပြရန်ဖြစ်ရာ တရားလိုဘက်ကို စတင်စစ်ဆေးပေမည်။

တရားလိုနှင့်တကွ တရားလိုပြသက်သေများကို ဦးစွာစစ်ဆေးပြီးနောက် တရားပြိုင်နှင့် တရားပြိုင်သက်သေများကို စစ်ဆေးသည်။ ထို့နောက် အပြီးသတ် လျှောက်လဲချက် တင်သွင်းကြရသည်။

နောက်ဆုံး တရားရုံးက အမိန့်နှင့်ဒီကရီ ချမှတ်သည်။

ဤသည်မှာ အမှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ယေဘုယျသဘောဖြစ်သည်။